


# ဆင်ခြေ မလဲပါနဲ့တော့ အလုပ်လုပ်မှ ပြည့်စုံမှာ

ဟောကြားသည့်နေ့
(၂၅-၉-၆၁)

၁၄၂

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂၀) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

THITSARPARAMI LIBRARY
Date ......................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဆင်ခြေမလဲပါနဲ့တော့

# အလုပ်လုပ်မှပြည့်စုံမှာ

(၂၅ - ၉ - ၆၁)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဆင်ခြေမလဲပါနဲ့တော့
# အလုပ်လုပ်မှ ပြည့်စုံမှာ

(၂၅-၉-၆၁)

အားလုံး ဒကာ၊ ဒကာမတွေ ကိုယ့်အရေး ကိုယ်ကြိုးစားကြပါဆိုတာတိုက်တွန်းတယ်နော် (မှန်ပါ့)။

ကိုယ်အရေးကို ကိုယ်ကြိုးစားကြပါဆိုတာ တိုက်တွန်းတယ်၊ ကိုယ်အရေးက ဘာပါလိမ့်မလဲ. . . လို့ ဒကာ၊ ဒကာမတွေကမေးလို့ရှိရင်ဖြင့်၊ ကိုယ့် ကိုယ် ဒုက္ခသစ္စာ-ကိုယ့်သမုဒယကလုပ်ထားလို့ ကိုယ့် ဒုက္ခသစ္စာဖြစ်ရတယ်. . . (မှန်ပါ့)။

ကိုယ့်သမုဒယကလုပ်ထားလို့ မိမိခန္ဓာကိုယ်ကြီး ဒုက္ခသစ္စာဖြစ်ရတယ်. . . (မှန်ပါ့)။

ဩော်. . . ဒီဒုက္ခသစ္စာကြီးဟာ သိကြား-ဗြဟ္မာ ဘုရားလာပေးတဲ့ဒုက္ခသစ္စာလား၊ သို့တည်းမဟုတ် မိမိတို့သန္တာန်ရှိတဲ့

ခင်မှု၊ မင်မှု၊ ကြင်နာမှုဆိုတဲ့သမုဒယက ဘဝတောင့်တတဲ့သမုဒယ၊ သားသမီးတွေခင်တွယ်တဲ့သမုဒယ၊ ပစ္စည်းခင်တွယ်တဲ့သမုဒယ၊ ဤသမုဒယတွေကလုပ်ထားတာလားလို့မေးလို့ရှိရင်ဖြင့် သမုဒယတွေက လုပ်ထားတဲ့ခန္ဓာ ဒုက္ခသစ္စာ(မှန်ပါ့)။

ဒီခန္ဓာဒုက္ခသစ္စာ ဘယ်သူက လုပ်ထားပါလိမ့်. . . (သမုဒယကလုပ်ထားပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ သူရေးထားတဲ့ အရုပ်ကို သူဖျက်ရင်ပြီးရမယ်(မှန်ပါ)။

ကိုယ်ရေးထားတဲ့အရုပ်ကို. . . (ကိုယ်ဖျက်ရင် ပြီးရပါမယ်ဘုရား)။

## ကိုယ်ရေးထားတဲ့အရုပ်၊ကိုယ်ဖျက်ရင်ရတယ်

ဒါဖြင့်ကိုယ့်သမုဒယနဲ့ ရေးထားတဲ့ ကိုယ့်ခန္ဓာရုပ်ကလာပ်ကြီးကို၊ ကိုယ့်ဉာဏ်တည်းဟူသော ဒကာ၊ ဒကာမတို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ ဖျက်လို့ရှိရင်လည်း ဒီဒုက္ခကြီးဟာ ပျက်သွားမှာ. . . (မှန်ပါ့)။

အခုတော့ ရေးတော့ရေးတတ်တယ်၊ ဖျက်တော့မဖျက်တတ်ဘူးဆိုတဲ့ အခိပ္ပါယ်ရောက်နေတယ်. . . (ရောက်ပါတယ်ဘုရား)။

ရေးတော့ရေးတတ်တယ် . . . (ဖျက်တော့မဖျက်တတ်

ဘူး အခဲပွာယ်ရောက်ပါတယ်ဘုရား)။

ဖျက်တော့မဖျက်တတ်တဲ့ အခဲပွါယ်ရောက်နေတော့၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အရေးကသာကဲပြီး အဖျက်က လုံးဝမပါတော့ ဒုက္ခတွေပွားနေတယ်. . . (မှန်ပါ့)။

အဲ့ဒါကြောင့် ယနေ့တရားသည် ဒကာ၊ ဒကာမတို့ မ နေ့ကတရား အဆုံးသတ်ပါလိမ့်မယ်(မှန်ပါ့) သို့သော် ရှေ့ပိုင်း မှာ ဒကာ၊ ဒကာမတို့ ကိုယ့်လိုရင်းကလေးတစ်ချက် ကိုလည်း မှတ်ပါဦး. . . (မှန်ပါ့)။

## သာသနာတော်နဲ့ကြုံတွေ့ရပြီ

လိုရင်းအချက် ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့ သာသနာတော်ကြီးနဲ့ တွေ့ရပါလို၏. . . ဆိုတဲ့ဒကာ၊ ဒကာမတွေ၏ ဆုတောင်းဟာဖြင့် ဒကာကြွယ် ပြည့်နေပြီ. . . (မှန်ပါ့ဘုရား)။

သစ္စာတရားဦးများကိုလည်း နာနိုင်တဲ့ကိုယ် ဖြစ်ရပါလို ၏. . . ဆိုတဲ့နောက်ဘဝက ဆုတောင်းလည်း ဒကာသစ်တို့၊ ဦးမာဒင်တို့ ပြည့်ပြီ. . . (ပြည့်ပါပြီဘုရား)။

ဆုတောင်းပြည့်ပြီးသကာလ နေပြားသော်လည်း. . တဲ့၊ ကိုယ်ကိုယ်တိုင်လုပ်ရမယ့်အရေးကြီးကို၊ ကိုယ်မလုပ်လိုက်လို့ရှိ ရင် ဆုတောင်းဟာငုံသွားမယ်-မြုံသွားမယ်လို့မှတ်ပါ. . . (မှန်ပါ့ ဘုရား)။

ငုံသွားမယ်-မြုံသွားမယ်ဆိုတာက ဒကာ၊ ဒကာမတို့တခြားမဟုတ်ပါဘူး၊ ပြည့်ပြီးသားဆုတောင်း၊ ဥပမာ. . . ကြာကလေးတစ်ခု ရေထဲကတက်လာတယ်၊ နေရောင်နဲ့ လေတို့နဲ့ မတွေ့ရလို့ရှိရင် ဒီကြာကလေးဟာ ငုံလျက်ငုံလျက်နဲ့ပဲ ပွင့်ခြင်းကားခြင်း အဖြစ်သို့ မရောက်ဘဲနဲ့ ဆုံးရှုံးသွားတယ်. . . (မှန်ပါ့ဘုရား)။

ဒါ. . . ဘာလိုလို့ပါလိမ့်မလဲ. . . လို့ မေးတဲ့အခါကျမှ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကမှတ်၊ ဩော်. . . အကူအညီနေ-လေ လိုနေပါကလား. . . (မှန်လှပါဘုရား)။

အကူအညီနေတို့၊ လတို့ လိုနေပြန်လို့ရှိရင် ဒီကြာကလေးဟာ ငုံရာကနေ၍သာ ခြောက်သွေ့သွားရတယ်ဦးမာဒင်ရေ. . စွင့်စွင့်ကားကားပွင့်ဖို့မရပါဘူး. . . (မရပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ. . . ဘာလိုလို့တုံးဆိုတော့ အကူအညီလိုလို့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီမှာလည်း ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာတဲ့ဘုရားသာသနာတော်နဲ့ တွေ့ကြုံရပါလို၏ဆိုတော့၊ အင်း. . . ရေထဲကတက်လာတဲ့ကြာနဲ့တော့တူနေပြန်ပြီ. . . (မှန်ပါ့)၊ ငါးစာ၊လိပ်စာ ကြာမဟုတ်ဘူး. . . (မှန်ပါ့) ရေထဲကကိုတစ်ခါတည်းတက်လာတဲ့ကြာပဲ. . . (မှန်ပါ့)။

## သစ္စာဟောနိုင်တဲ့ဆရာနဲ့တွေ့ရပြီ

သစ္စာလေးပါး ဟောနိုင်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ရပါလို၏ ဆိုတဲ့ ဥစ္စာလဲ တွေ့နေကြပြီ. . . (မှန်ပါ့)၊ ဒါလဲ ငါးစား၊လိပ်စာဖြစ်တဲ့ ကြာမဟုတ်ပါဘူး. . . (မှန်ပါ့)၊ ရေပေါ်တက်တဲ့ကြာပါပဲ. . . (မှန်ပါ့)။

## ထောင်နိုင်တဲ့နားနဲ့ပြည့်စုံပြီ

သစ္စာလေးပါးတရားကို ထောင်နိုင်တဲ့နားနဲ့ ပြည့်စုံရပါလို၏ဆိုတော့၊ ဒကာ၊ ဒကာမတွေဆီမှာ ထောင်နိုင်တဲ့နားနဲ့ ပြည့်စုံရပါလို၏ဆိုတော့လဲ၊ ဒကာ၊ဒကာမတွေမှာ ထောင်နိုင်တဲ့ နားကလည်းရကြတယ်. . . (မှန်ပါ့)။

ဒါဖြင့် ငါးစာ၊ လိပ်စာ ကြာမဟုတ်ဘူး. . . (မဟုတ်ပါဘုရား)၊ ရေပေါ်တက်မည့်ကြာပဲ. . . (မှန်ပါ့ဘုရား)

အဲ့ဒီကဲ့သို့ ရေပေါ်တက်ပြီးသကာလ လာငြားသော်လည်း နေကမထွက်တဲ့နေ့၊ လေကမတိုက်တဲ့နေ့ဆိုလို့ရှိရင် ဒီကြာသည် ဒကာသစ်ရေ. . . ငုံလျက်နဲ့ပဲ ခြောက်သွားရတယ် . . . (မှန်ပါ့ဘုရား)။

ဘာလိုလို့ ဘာလိမ့်မတုံးမေးတော့မှ ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေမှတ်လိုက်ပါ အကူအညီလိုလို့. . . (မှန်ပါ့ဘုရား)။

ဒီမှာလည်း ပါရမီပြည့်ပြီးသား ဆုတောင်းတွေနဲ့ အကုန်ညီညွတ်ပြီးသားပုဂ္ဂိုလ်တွေမှာတဲ့ တိဟိတ်လည်းဖြစ်သွားပြီ. . . (မှန်ပါ့ဘုရား)။

## အလုပ်လုပ်မှုပြည့်စုံမှာ

အခုပြောတဲ့ အဓိပ္ပါယ်တွေလဲ ပြည့်စုံပါပြီ. . . (မှန်ပါ့) သို့သော် နေ-လေနဲ့တူတဲ့ ကိုယ့်ကြာကလေးပွင့်မှုဟာ အကူအညီက လိုသေးတယ်. . . (မှန်ပါ့ဘုရား)။

အကူအညီကလိုတော့ ဘုရားက အခုပြောလိုက်တယ်။ ပါရမီ ဘယ်လိုပဲဆုံဆုံကွတဲ့၊ ဓမ္မာနု ဓမ္မပဋိပတ္တိအလုပ်ကို မလုပ်လို့ရှိရင် ငုံပြီးပျက်သွားတာပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဓမ္မာနု ဓမ္မပဋိပတ္တိအလုပ်ကို မလုပ်ရင်ဘာတဲ့. . . (ငုံပြီး ပျက်ပါတယ်ဘုရား)။

ဒီမှာလည်း ဒကာ၊ဒကာမတို့ဉာဏ်တွေဟာ မြဲပြီး သကာလ စုတိစိတ်သာကျသွားမယ်. . . (မှန်ပါ့) အင်မတန်မနာဘူးလားဗျာ. . . (နာပါတယ်ဘုရား)။

အဆုံကြီးဆုံလာပြီးတော့မှ တကယ်အရေးကြီးတာလေးတစ်ခု၊အရေးကြီးတာလေးတစ်ခုကို မဖြည့်စွက်လိုက်ရတာနဲ့၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အနာကြီးနာရတယ်. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့်ဘာက သာအရေးကြီးသလဲဆိုတာ ပေါ်ရောပေါ့ . . . (ပေါ်ပါပြီဘုရား) ဘာပါလိမ့်. . . (အကူအညီပါဘုရား)။

အကူအညီဟာ ဘာပါလိမ့်မလဲလို့မေးတော့ ဓမ္မာနုဓမ္မ ပဋိပတ္တိ. . . (မှန်ပါ့ဘုရား)။

## ဓမ္မာနု ဓမ္မပဋိပတ္တိအလုပ်လုပ်ပါ

အကူအညီဟာ ဘာပါလိမ့်. . . (ဓမ္မာနု ဓမ္မပဋိပတ္တိ ပါဘုရား) ဩော်. . . ပါရမီတွေ အကုန်စုံတာတောင်မှ သူမပါလို့ရှိရင် ဒကာကြွယ် အချိုးမကျဘူး. . . (မှန်ပါ့ဘုရား)။

အားလုံး ဒကာ၊ ဒကာမတွေ နားကြီးကြီးနဲ့ ထောင်ပြီးသကာလ၊ ဩော်. . . ဒိုပြင်ဟာတွေစုံပြီးသကာလ ဒါ-မပါလို့ရှိရင် ခရီးမရောက်ပါလား. . . (မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့ ဒကာ၊ဒကာမတွေမှာ တိဟိတ်လဲဖြစ် . . . ဖြစ်ပျက်မြင်ရင် တိဟိတ်ဖြစ်နေပြီ. . . (မှန်ပါ့)၊ ဖြစ်မှုပျက်မှုတွေမရှိဘူး-မရှိဘူးသိနေရင် တိဟိတ်က ဖြစ်နေပြီ. . (မှန်ပါ့ဘုရား)။

ဖြစ်ပင်ဖြစ်ငြားသော်လည်း ကိုယ် တိဟိတ်ဖြစ်ငြားသော်လည်း ဓမ္မာနု ဓမ္မပဋိပတ္တိ ဆိုတဲ့ လောကုတ္တရာတရားနဲ့ လျော်တဲ့ မဂ်ပေါ်အောင် မလုပ်နိုင်သေးလို့ရှိရင်ဖြင့်. . . တဲ့၊ ငါးစာ၊ လိပ်စာ၊ ကြာနဲ့၊ ကြာပွင့်ကလေးဟာ တချို့နေရာကျတော့ ငါးတို့၊ လိပ်တို့က စားသွားတယ်. . . (မှန်ပါ့)။

တချို့ ကြာပွင့်ကလေးတွေကျတော့လဲ ရေပေါ်မှာ စွင့်စွင့်ကားကား တက်နိုင်တယ်. . . (မှန်ပါ့)။

အဲဒီလို စွင့်စွင့်ကားကား တက်နိုင်တဲ့ကြာ ဖြစ်ပါလျက်သားနဲ့ မပွင့်ဘဲနဲ့ ငုံပြီးသကာလ ခြောက်သွေ့သွားရတယ်ဆိုတာသည်၊ အကူအညီဖြစ်တဲ့ ဓမ္မာနု ဓမ္မပဋိပတ္တိလိုတဲ့ အတွက် ဒကာ၊ ဒကာမတို့ ပေယျာလိုဖြစ်သွားမယ်. . . (မှန်ပါ့)။

ပေယျာမှာ ဓမ္မာနုဓမ္မပဋိပတ္တိဟောကာနီးမှ လွတ်သွားတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ ဒီနေ့ ဘာဖြည့်ရမယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီ) ဘာဖြည့်ရမလဲ. . . (ဓမ္မာနုဓမ္မပဋိပတ္တိ ဖြည့်ရပါမယ်ဘုရား)။

## ပါရမီဖြည့်စုံပြီးသား

ဒကာသစ်ရေ. . . ဒါအရေးကြီးတယ် ဆိုတာသေသေချာချာမှတ်နော်. . . (မှန်ပါ့) ပါရမီပြည့်စုံပြီးသား ဖြစ်စေကာမူ ဒကာ၊ဒကာမတို့ (၁) လူ့ဘဝရတယ် (၂) သဒ္ဓါသမ္ပတ္တိနဲ့ပြည့်စုံတယ် (၃) သစ္စာလေးပါးဟောတတ်တဲ့ဆရာနဲ့ကြုံ တယ် (၄) သာသနာတွင်းကြုံတယ် (၅) ထောင်တတ်တဲ့နား ရှိတယ် (၆) ဓမ္မာနုဓမ္မပဋိပတ္တိမပါရင် ဦးမာဒင် သွားပြန်တာပဲ. . (မှန်ပါ့)။

ငုံသွားတယ်-မြုံသွားတယ်ဆိုတဲ့အဓိပ္ပါယ်ဟာ အင်မတန်ကြောက်စရာကောင်းတယ်. . . (မှန်ပါ့)၊ မရှုံးဘူးလားဗျာ. . . (ရှုံးပါတယ်ဘုရား)။

အေး. . . ဒါတွေကိုသိရမှ ဪ. . . ဒါဖြင့် တို့သည်ကားလို့ ဆိုရင်ဖြင့်၊ ဖြည့်စရာကလေး နည်းနည်းကလေးနဲ့ တစ်သံသရာလုံး ပြန်မြုပ်သွားရမယ်ဆိုလို့ရှိရင်၊ ကိုယ်ကျိုး အကြီးအကျယ် နည်းတာပဲဆိုတဲ့ဥစ္စာ မှတ်လိုက်စမ်းပါ. . (မှန်ပါဘုရား)။

ဒါဖြင့် ဒကာကြွယ် ဘာ- အရေးကြီးပါလိမ့်-(ဓမ္မာနုဓမ္မပဋိပတ္တိ အရေးကြီးပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီအရေးကို ဘုန်းကြီးစွဲစွဲမြဲမြဲနဲ့ ဒကာဒကာမတွေ ကရုဏာရှေ့ထားပြီး အကြီးအကျယ်ပြောတယ်ဆိုကတည်းက ဦးမာဒင် ရိပ်မိပါပြီ. . (ရိပ်မိပါပြီ ဘုရား)။

ဟင်း. . အကုန်စုံပြီးသား ဆားကလေးတစ်ခုလိုတော့တယ်ဆိုရင်လည်း အကုန်ပျက်တယ်. . (မှန်ပါ့)။

ဟင်း. . ကိရိယာ အကုန်စုံငြားသော်လည် ဆားမပါရင်. . (ပျက်ပါတယ်ဘုရား)။

ဒီမှာလည်း တခြားပါရမီတွေ အကုန်စုံငြားသော်လည်း ဓမ္မာနုဓမ္မပဋိပတ္တိ ဆားမပါရင် အကုန်ပျက်ပါတယ်. . (မှန်ပါ့)။

ဒါကြောင့် ဦးမာဒင်တို့ ဒကာသစ်တို့အသေက မဦးခင် ဓမ္မာနုဓမ္မပဋိပတ္တိက ဦးအောင်ကြိုးစား. . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ရိပ်မိပြီ. . (ရိပ်မိပါပြီ) အသေ မဦးခင်. . (ဓမ္မာနုဓမ္မပဋိပတ္တိက ဦးအောင် ကြိုးစားပါမယ်ဘုရား)။

ဒါတော့ဖြင့် ဒကာကြွယ် ဦးမာဒင်တို့ ဆရာဝန်ကြီးတို့ မလျှော့နဲ့နော. . (မှန်ပါ့) ဒါ- လျှော့လိုက်လို့ရှိရင် ပြည့်ပြီးသား အကြောင်းတွေ အကုန်ပျက်တယ်. . . (မှန်ပါ့)။

ပြည့်ပြီးသား အကြောင်းတွေ. . (အကုန် ပျက်ပါတယ် ဘုရား) အကုန်ပျက်တယ်ဆိုတဲ့ဥစ္စာ ဒကာကြွယ်ရေ အနာဆုံး အချက်မို့ ဒီနေ့ရှေ့ပိုင်းမှာ သတိပေးပါတယ်. . (မှန်ပါ့ဘုရား)။

## ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ တခြားမဟုတ်ပါဘူး၊ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်ဖို့ အရေးကြီးပါတယ်. . . (မှန်ပါ့)။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဘာပါလိမ့်. . (ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ဖို့ အရေးကြီးပါတယ်ဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ရင် ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်ပါတယ်. . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်ရမယ်

ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်ရင်. . (ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်ပါ တယ်ဘုရား)။

ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိမပါလို့ရှိရင်ဖြင့် ဘုရားနဲ့တွေ့ရ

ပါလို၏ ဆိုလည်း တွေ့သွားတာပဲရှိတာပဲ. . . (မှန်ပါ) ကိုယ့်မဂ်ဉာဏ် ဖိုလ်ဉာဏ် မပွင့်ရဘူး. . (မှန်ပါ) သဘောကျပလား (ကျပါပြီ) သာသနာကြီးနဲ့ ကြုံရပါလို၏ဆိုလဲ ကြုံတာပဲရှိတာပဲ၊ ကိုယ့်ဝမ်းထဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပွင့်ရရဲ့လား. . (မပွင့်ရပါဘုရား)။

သစ္စာတရားကို ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့တွေ့ရပါလို၏ ဆိုတဲ့ဥစ္စာလည်း တွေ့ကြတယ်. . (မှန်ပါ) ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကို ကိုယ်က မလုပ်လိုက်လို့ရှိရင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မပွင့်ရဘူး. . (မပွင့်ရပါဘူးဘုရား) တယ်နာပါကလား နော်. . (နာပါတယ်ဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်နဲ့မကိုက်ရင်၊ မဂ်ဉာဏ်မရ

ဒကာ ဒကာမတို့ သစ္စာတရားကို ထောင်တတ်တဲ့ နားနဲ့ ပြည့်စုံရပါလို၏ဆိုတဲ့ ဒကာ ဒကာမတွေ၊ နောက်က အားခဲလာတာကြီးလည်း အခုတွေ့ရပါပြီ. . (မှန်ပါ) နားတော့လည်းရဲ့၊ ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်ပျက်နဲ့ မဂ်နဲ့ မကိုက်သေးပြန်ရင်လည်း ဒကာသစ်ရေ မဂ်ဉာဏ် ဖိုလ်ဉာဏ် မပွင့်ဘူး. . (မှန်ပါ) ရှင်းကြပလား. . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ ဒကာ ဒကာမတို့ ဓမ္မာနု ဓမ္မပဋိပတ္တိ အကူအညီကင်း၍ မရနိုင်. . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ (ဓမ္မာနုဓမ္မပဋိပတ္တိ အကူအညီကင်း၍ မရနိုင်ပါ) မရနိုင်ဘူးဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ သိကြပြီ. . . (သိကြပါပြီဘုရား)။

ဒါဖြင့် ဦးလှဘူး ဘာအရေးကြီးသလဲ. . . (ဓမ္မာနုဓမ္မပဋိပတ္တိ အကူအညီ အရေးကြီးပါတယ်ဘုရား)။

ဒါ တိရစ္ဆာန်ဘုံတွေကို ပြောတာ မဟုတ်ဘူးနော်. . (မှန်ပါ့) တိရစ္ဆာန်တွေတော့ ဘုရားသာသနာတော်နဲ့လဲမကြုံ (မှန်ပါ့) ဒကာ ဒကာမတို့သိတဲ့အတိုင်း ထောင်တတ်တဲ့နားကလည်းမပါ. . (မှန်ပါ့) ဟောတတ်တဲ့ ပုဂ္ဂိုလ်ကဟောတော့ သူနဲ့မဆိုင် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

သူတို့ကျတော့ ဒီဖြည့်ရုံကလေးတစ်ခု လိုတော့တယ်လို့ ဘုန်းကြီးတို့ကလဲ ဟောဖို့မလိုဘူး. . . (မှန်ပါ့) ဘုရားကလဲ ဟောဖို့မလိုဘူး. . (မလိုပါ) ဒီဒကာ ဒကာတွေတော့ ဖြည့်ရုံကလေးတစ်ခုလိုတော့တယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်တာဝန်ပဲလိုတော့တယ်

ဦးမာဒင် ဘာတဲ့တုံး. . (ဖြည့်ရုံကလေးတစ်ခုလိုပါတော့တယ်) ဩော်. . ဒါဖြင့် ဒကာ ဒကာမတို့ ဖြည့်ရုံလေးတစ်ခုလိုတယ်ဆိုတဲ့ ဥစ္စာသည်ကားဆိုရင်ဖြင့် ကိုယ့်တာဝန်ကလေး တစ်ခုပဲလိုတော့တယ်. . . (မှန်ပါ့ဘုရား)။

ကိုယ့်တာဝန်ကလေး (တစ်ခုပဲလိုပါတော့တယ်) ဒီတစ်ခုကလေးနဲ့ဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ အသေစောကို မခံလိုက်ပါနဲ့. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ်ဘယ်လိုမှာပါလိမ့် (အသေစောကိုမခံပါနဲ့) အသေမစောပါနဲ့. . (မှန်ပါ့) ဉာဏ်ကဦးပါစေ (မှန်ပါ့)။

## အသေမစောပါစေနဲ့၊ ဉာဏ်ကဦးပါစေ

အသေကမစောပါစေနဲ့ ဉာဏ်ကဦးပါစေဆိုတဲ့ ဥစ္စာက နစ်နာသွားမှာစိုးလွန်းလို့ (မှန်ပါ့ဘုရား)။

ထီမှာနောက်ဆုံးပိတ်တစ်လုံး ၄-နေရာမှာ ဟုတ်လား ၅-ကလေးဖြစ်တော့ တစ်လုံးပဲလွဲသွားတယ်လို့ ဒီပြင်ဂဏန်းတွေ အကုန်တိုက်မိသားပဲဆိုတော့ ဒကာ ဒကာမတို့ တစ်လုံးလွဲတာ လည်းမပေါက်တာပဲ. . (မှန်ပါ့ဘုရား)။

တစ်လုံးလွဲတာ ဘယ့်နှယ်တုံး. . . (မပေါက်တာပါ) မပေါက်တာပဲဆိုတော့ ကိုယ်လိုချင်တဲ့ ဝတ္ထုပစ္စည်းမရတာပဲ (မှန်ပါ့ဘုရား)။

## ထီပေါက်ဂဏန်းအမှန်ဖြစ်ပါစေ

ဒီမှာလဲ ဒီပြင်ဟာတွေ အကုန်စုံလာငြားသော်လဲ ဓမ္မာနုဓမ္မပဋိပတ္တိမပါရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတာဘဲ. . . (မှန်ပါ့ဘုရား) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ပြောတဲ့အရေးမှာဖြင့် ဒီပြင်ပါရမီစုံတာကိုလဲ ဘုန်းကြီးအကုန်ပြောခဲ့ပါပြီ. . (မှန်ပ့ါ) ဓမ္မာနုဓမ္မပဋိပတ္တိ ဆိုတဲ့ ၄-နေရာမှာ ၅-လည်းမဖြစ်ပါစေနဲ့. . . (မှန်ပ့ါဘုရား)။

၄-နေရာမှာ ၃-ကလေး. . (မဖြစ်ပါစေနဲ့) ၄-ကပေါက် ဂဏန်းကိုးဗျ. . . (မှန်ပ့ါ) ၃-ဖြစ်လည်း အလကားပဲ (မှန်ပ့ါ) ၅-ဖြစ်ကော (အလကားပါပဲ) အဲဒီ ၃-၅ကိုဖြင့် ဦးမာဒင် ရှောင်ရ လိမ့်မယ်. . . (မှန်ပ့ါ) သဘောကျပလား. . (ကျပါပြီဘုရား)။

## ခရီးပေါက်အောင်ကြိုးစားပါ

၃-၅ မဖြစ်စေဘဲနဲ့ ဟုတ်လား၊ ၄-ဖြစ်အောင်တော့ဖြင့် ငါသည်ကားလို့ဆိုရင်ဖြင့် ဝီရိယနှင့် ဉာဏ်စွမ်းကို အစွမ်းကုန် ကြိုးစားလိုက်လို့ရှိရင်ဖြင့် ဒကာကြွယ် ခရီးပေါက်ပြီးရောက် တော့မှာပဲ. . (မှန်ပ့ါ) သဘောကျပလား. (ကျပါပြီဘုရား)။

နို့မှုဟုတ်လို့ရှိရင် အပါယ်လေးပါးရောက်မည့်တရား တွေက အဟုတ်လုပ်သလား မလုပ်ပါဘူးလား သူတို့ကစောင့် ကြည့်နေတယ်. . (မှန်ပ့ါဘုရား)။

အဟုတ်လုပ်သလား မလုပ်ဘူးလားလို့ (စောင်ကြည့် နေပါတယ်) မစောင့်သော်လည်း အနုသယသဘောနဲ့ကိန်းနေ တယ် (မှန်ပ့ါ) မင်းမင်ဉာဏ်မရဘူး၊ နက်ဖြန် မင်းကိုတွန်းချမယ် (မှန်ပ့ါ) သဘောကျပလား. . (ကျပါပြီဘုရား)။

F I A

မင်းဒီနေ့ မဂ်ဉာဏ်ရအောင် ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ မင်း လုပ်လိုက်တယ်၊ ငါတို့အကြီးအကျယ် နောက်ဆုတ်မယ်. . (မှန်ပါ့) ကဲ. . ဒီလိုစစ်ထိုးနေလေ့ရှိတယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ အခုပြောတဲ့ စကားဟာ သေးသေး သိမ်သိမ်လို့ မမှတ်ပါနဲ့. . (မှန်ပါ့ဘုရား) အပါယ်ကျစေတတ်တဲ့ တရားတွေကလဲ အနုသယသဘောနဲ့ ခန္ဓာကိုယ်ထဲမှာ ကိန်း နေတယ်. . (မှန်ပါ့ဘုရား) အထည်တော့ မရှိဘူးပေါ့ဗျာ. . (မှန်ပါဘုရား)။

အကြောင်းရှိလို့ရှိရင် မင်းမဂ်ဉာဏ် ဖိုလ်ဉာဏ် မရရင် တွန်းချရမယ်ဆိုတဲ့ သဘောကတော့ရှိတယ်. . (ရှိပါတယ်) သူကလည်း တွန်းမည့်ဆဲဆဲ ကိုယ်ကလည်း လွတ်မည့်ဆဲဆဲမှာ ဒကာ ဒကာမတို့ သူကတွန်းမယ် ကိုယ်ကရှောင်မယ်. . (မှန်ပါ့)။

## တွန်းချမည့်တရားကစောင့်နေတယ်

ဒါဖြင့် တွန်းမည့်တရားကလည်း စောင့်နေတယ်၊ ရှောင်ရမည့် ပုဂ္ဂိုလ်ကလည်း တွန်းမည့်တရားသိနေလို့ ဖြေးဖြေး ရှောင်မှ တော်မလား၊ မြန်မြန်ရှောင်မှတော်မလား. . (မြန်မြန်ရှောင်မှ တော်ပါမယ်ဘုရား)။

အဲဒါခင်ဗျားတို့က ဒကာကြွယ်တို့က ချေးထူမနေပါနဲ့

. . . (မှန်ပါ့) နက်ဖြန်သဘက်ရွှေ့မနေပါနဲ့. . . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

## နက်ဖြန်သဘက်ရွှေ့မနေပါနဲ့

ဦးမာဒင် ဘယ့်နှယ်မှာသတုံး. . (နက်ဖြန်သဘက်ရွှေ့ မနေပါနဲ့ဘုရား)။

နက်ဖြန်သဘက်ရွှေ့လိုက်တော့ တွန်းမည့်တရားက နိုင် သွားလို့ရှိရင် အသေစောလိမ့်မယ်. . . (စောပါတယ်) အသေ စောလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့မဂ်ဉာဏ် ဖိုလ်ဉာဏ်က မရ လိုက်တော့၊ သူတို့ဘက်က အနိုင်ယူသွားတယ်. . (မှန်ပါ့) ချောက်ကျတဲ့ဘက် ပါသွားတယ်. . (ပါသွားပါတယ်) ရှင်းကြပ လား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တွန်းမည့်တရား ရှိလျက်သားနဲ့၊ အရှောင်နွေးတဲ့အလုပ်ကို လုပ်နေကြမယ်ဆိုရင် ဒီလူ့ထက်မိုက်တာတော့ မရှိဘူး. . . (မှန်ပါ့ဘုရား)။

ဒါလုပ်စေချင်လို့ ပြောတာလား-ပရမတ်နယ်မှာ တ ကယ်ရှိနေတာလား-(ပရမတ်နယ်မှာ တကယ်ရှိနေတာပါ ဘုရား)။

မဂ်နဲ့မပယ်သေးသရွေ့ ဒီဘဝအကုသိုလ်တွေကလဲမ နည်းလှဘူး. . (မနည်းပါ) နောက်လာတဲ့ အကုသိုလ်တွေက

ကော. . (မနည်းပါ) သဘောပါကြပလား. . (ပါပါပြီဘုရား)။

ဒါတွေက ဘာလုပ်မှာတုံးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေးတော့မှ အို. . သူတို့ကတွန်းချမည့်တရား (မှန်ပါ့) ရှင်းကြပလား. . (ရှင်းပါပြီဘုရား)။

## အပါယ်တံခါးပိတ်တဲ့အလုပ်၊ လုပ်ပါ

သူတို့ကလဲ ဒကာ ဒကာမတွေ အနုသယသဘောနဲ့ တော့စောင့်နေတယ်. . (စောင့်နေပါတယ်ဘုရား) ဒကာ ဒကာမတွေကလဲ အခုဆရာသမားအမှီပြုပြီးသကာလ ရှောင်မဟဲ့. . (မှန်ပါ့) အပါယ်လေးပါး တံခါးပိတ်တဲ့အလုပ် လုပ်မဟဲ့ဆိုတာ ရှောင်မဟဲ့- လုပ်တာပဲ. . (မှန်ပါ့)။

အဲဒါအရှောင်က နှေးနေပြီး၊ ဟိုက အတွန်းက စောသွားမှာလဲ စိုးရိမ်ရတယ်. . (စိုးရိမ်ရပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာကို နှေးနိုင်သလောက် နှေးနေလေလေ- မှားချက်သန်လေလေ. . (မှန်ပါ့) အချိန်ဆွဲလေလေ (မှားချက်သန်လေလေပါဘုရား) သဘောပါပလား. . (ပါ, ပါပြီ ဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ ဘုန်းကြီးပြောတာသည် မြတ်စွာဘုရားဟောတော်မူတာ ပြောရတာဖြစ်ပါတယ်. . (မှန်ပါ့)။

မြတ်စွာဘုရား ဟောတော်မူတာ ပြောရတာဖြစ်တော့

ဘုရားက နှစ်ဘက်မြင်. . (မှန်ပါ့) တွန်းမည့်တရားလည်း သူမြင်တယ်၊ ရှောင်မည့်တရားလည်း သူပေးထားတယ်. . . (မှန်ပါ့)။

အဲဒီ ပေးတဲ့ဓမ္မာနုဓမ္မပဋိပတ္တိကိုလည်း ဒကာ ဒကာမ တွေက မလုပ်လိုက်လို့ရှိရင် တွန်းမည့်တရားကတော့ ဖြင့် တွန်းတော့ မှာပဲ. . (တွန်းမှာပါဘုရား)။

တွန်းရင်လည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေပြန်ပြီး မတက်နိုင်ဘူးတဲ့. . . (မှန်ပါ့) တယ်လည်း ကြောက်စရာ ကောင်းပါကလား (ကောင်းပါတယ် ဘုရား)။

## ဆွေကိစ္စ၊ ရပ်ရွာကိစ္စ၊ သပိတ်မှောက်ပါ

အေး. . ဒါကြောင့် သားကိစ္စ၊ သမီးကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ ရပ်ကိစ္စတွေနဲ့ကိုး၊ အဲဒါ ကိုယ့်ကိစ္စမဟုတ်ဘူးလို့ကို ဒကာ ကြွယ် သပိတ်မှောက်ရလိမ့်မယ်. . (မှန်ပါ့) ကိုယ့်ကိစ္စလို့ ဆိုလို့ရ ရဲ့လား. . (မရပါဘုရား)။

အေး. . မင်းတို့က ခေါ်တာတော့ဟုတ်တယ်၊ ငါ့ကို တွန်းချမည့်တရားက ဦးသွားလို့ရှိရင် ငါ- ကိုယ်ကျိုးနည်းလိမ့် မယ်၊ ရှောင်ရမည့်တရား ငါအရေးကြီးနေတယ်လို့ ပြောလိုက် စမ်းပါ. . (မှန်ပါ့ဘုရား) ပြောထိုက်- မပြောထိုက်. . (ပြောထိုက် ပါတယ်ဘုရား)။

## ဉာဏ်နှားနဲ့ထောင်ပါ

ဒါ. . . ဉာဏ်နားနဲ့ထောင်တော့မှ ဒီအရေးဟာ ပြော်. . သူတို့ကတော့ ရပ်ကိစ္စ၊ ရွာကိစ္စ၊ ဆွေကိစ္စ၊ မျိုးကိစ္စ၊ စီးပွားရေးကိစ္စနဲ့ ကောင်းစေချင်လို့ ပြောတယ်လို့တော့ ဆိုကြတာပဲ၊ ကိုယ့်မှာ အခုဘုန်းကြီးဟောတဲ့ ဘုရားတရားနဲ့ ကြည့်လိုက်တဲ့အခါကျတော့ သူအကောင်းဟာ အကောင်းစစ်မဟုတ်ပါလား. . (မှန်လှပါ) ကိုယ်ရှောင်ရမည့် အလုပ်သာ အကောင်းစစ်ပါလား (မှန်ပါ့)။

တွန်းမည့်တရား မရှိရင်လဲ ဘုန်းကြီးက ဒါလောက်ကတိုက်ကရိုက်ပြောဖို့ ဆရာဝန်ကြီး လိုသေးသလား. . (မလိုပါဘုရား) သဘောပါပလား. . (ပါပါပြီဘုရား)။

တွန်းမည့်တရားမရှိလို့ရှိရင်လည်း ဒကာကြွယ် ခပ်ဖြေးဖြေး ပေါ့လို့ ဘုန်းကြီးပြောရမယ်. . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့ ဖြစ်ပျက်အလုပ်ကို မလုပ်ဘဲနေတဲ့ပုဂ္ဂိုလ်များ တွန်းမည့်တရားရှိတာကို စောင့်နေတာ. . (မှန်ပါ့) ကယ်တင်မည့်တရားကိုသူ အားမကိုးဘူး. . (မှန်ပါ့ဘုရား)။

## အနာဂတ်ဘေးစောင့်နေတာ

တွန်းမည့်တရား (စောင့်နေပါတယ်ဘုရား) အဲဒါ အနာဂတ်ဘေးဆိုတာ ဦးမာဒင် မှတ်လိုက်စမ်းပါ. . (မှန်ပါ့) မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အနာဂတ်ဘေးစောင့်တယ်. . (မှန်ပါ့)။

မလုပ်တဲ့ပုဂ္ဂိုလ်ဟာ. . (အနာဂတ်ဘေးစောင့်ပါတယ် ဘုရား) ဒကာကြွယ် သဘောပါပလား. . (ပါ-ပါပြီးဘုရား)။ ဒါက အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတာပါဒကာ ဒကာမတို့. . . (မှန်ပါ့ဘုရား)။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟော့. . . တဲ့ တွန်းမည့်တရား ကလည်းတွန်းမည်လို့ မင်း ငါနက်ဖြန်တွန်းချမည်လို့ သူက ဆုံးဖြတ် ချက်ချနေတုန်း၊ ကိုယ်က ယနေ့ မရှောင်လို့ရှိရင် ဒါ-အနာဂတ် ဘေးသင့်ပြီး သူ့စောင့်မျှော်နေတဲ့ရန်သူနဲ့ သူတွေ့သွားတာကွ-တဲ့ . . (မှန်လှပါ) ရှင်ပလား. . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နက်ဖြန်သဘက်ရွှေ့နေတာ ဉာဏ်ကို စောင့်တာလား- ဘေးကိုစောင့်တာလား. . (ဘေးကို စောင့်တာပါဘုရား)။

အံမာလေး. . ဒကာ ဒကာမတို့ဘေးဆိုတာက မစောင့်ရဘူး၊ ရှောင်ရတယ်နော်. . (မှန်လှပါ) ခင်ဗျားတို့ကတော့ ဘယ့်နှယ်ဖြစ်နေသတုံး. . (စောင့်နေပါတယ်ဘုရား)။

ဟာဒကာကြွယ် သတ်မည့်သူစောင့်နေတဲ့ ပုဂ္ဂိုလ်ဆိုလို့

ရှိရင်ဖြင့် အမိုက်အကြီးစားဖြစ်ရလိမ့်မယ်. . (ဖြစ်ရမှာပါဘုရား) မဖြစ်ထိုက်ဘူးလား. . (ဖြစ်ထိုက်ပါတယ်ဘုရား)။

## ကိုယ့်အရေးကြီးကြောင်း၊ကိုယ်သိပါ

အေး- ဒါကြောင့် တရားကိုမဟောမီ ဒါဟာ ကျမ်းဂန်တွေအမျိုးမျိုးညှိပြီးသကာလ၊ ဒကာ ဒကာမတွေကို ကိုယ်အရေးကြီးကြောင်းကိုယ်သိပါစေတော့လို့ အင်္ဂုတ္တိုရ်တွေထဲကဟာတွေယူပြီး ပြောနေတာ. . (မှန်ပါ့) ဦးမာဒင် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့မှာ မလုပ်ဘဲနေလို့ ဓမ္မာနုဓမ္မပဋိပတ္တိမလုပ်ဘဲနေလို့ရှိရင်ဖြင့် သက်ဆိုးရှည်. . ကွ. . (မှန်ပါ့)။

ဘယ့်နှယ်ဆိုမယ်. . (သက်ဆိုးရှည်ပါဘုရား) ဘာကြောင့်တုံးဆိုတော့ အနာဂတ်ဘေးစောင်နေလို့. . (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မလဲ. . . (အနာဂတ်ဘေး စောင့်နေလို့ပါ) အနာဂတ်ဘေးတွေကလဲ တွေ့ရမှာပဲ. . (မှန်ပါ့) ရှေ့ကရှိလျက်ကိုးဗျ. . (မှန်ပါ့ဘုရား)။

အဲ. . နောက်က ဥပစ္ဆေဒက၊ ဥပပီဠက၊ ဥပဃာတကကံတွေကလည်း နောက်ကတွန်းချမည်လို့ ဒါတွေကကောရှိလျက်ပဲ . . (ရှိလျက်ပါဘုရား)။

ခင်ဗျားတို့က စဉ်းစားကြည့်ပါ၊ ကံဖြတ်တဲ့မဂ်မှ မရသေး

တော့ စောင့်နေတယ်ဆိုတာ မသေချာဘူးလား. . (သေချာပါတယ်ဘုရား)။

ကံဖြတ်တဲ့မင်္ဂကို မရသေးရင်. . (စောင့်နေပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးက ဒကာကြွယ် အရေးတကြီး ပြောနေတယ်. . (မှန်ပါ့) ကဲ. . ဦးမာဒင် ပေါ်ပလား. . . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့သည် ဘုန်းကြီးတို့၏ ပြောဆိုမှု ဘုရား၏ ဆုံးမမှုကို မလိုက်နာတဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ရှိရင်ဖြင့်၊ ခင်ဗျားတို့တွန်းမည့် လူစောင့်ပြီး ရှောင်ဖို့ရာ အလုပ်ကို အရေးမကြီးတဲ့အထဲ မ်မိပါဝင်သွားတယ်. . . (ပါဝင်ပါတယ်ဘုရား) မပါဝင်ဘူးလား (ပါဝင်ပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ထောင်ကြည့်ပါ. . ၊ နက်ဖြန်သဘက်လတွေ, နှစ်တွေရွှေ့နေတဲ့ပုဂ္ဂိုလ် ဒကာသစ် ဘယ်လိုပုဂ္ဂိုလ်ထဲ သွင်းပါ့မလဲ. (အနာဂတ်ဘေးစောင့်တဲ့ ပုဂ္ဂိုလ်ပါဘုရား) အနာဂတ်ဘေးစောင့်တယ်. . (မှန်ပါ့)။

ဒကာ ဒကာမတွေ ဘာစောင့်သလဲ (အနာဂတ်ဘေးစောင့်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ပြောရင်းပြောရင်းစကားထဲမှာဖြင့် ဒီအနာဂတ်ဘေးစောင့်နေတဲ့ အသံတွေပါတယ်နော်. . (ပါ,ပါတယ်ဘုရား)။

သို့သော်. . သာမညနား အခုလို အင်္ဂုတ္တိုရ်ပါဠိတော်ကြီးတွေ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတာတွေ မကြားဖူးတော့၊ သူ့ရည်ရွယ်ချက်ကောင်းရှာသားပဲ. . . (မှန်ပါ့)။ ဒီလိုပြောလေ့ရှိသေးတယ်. . . (မှန်ပါ့)။

## ဘုန်းကြီးကတော့မကောင်းဘူးလို့ပြောမယ်

ဘယ်လို ပြောမယ်ထင်သတုံး (ရည်ရွယ်ချက်ကောင်းတယ်လို့ ပြောပါတယ်ဘုရား)။

ဘုန်းကြီးတို့က မကောင်းဘူးကွ. . တဲ့ (မှန်လှပါ) ဘုရားကကော. . (မကောင်းပါဘူး. . တဲ့) မကောင်းပါဘူးကွတဲ့. . (မှန်ပါ့)။မကြားဘူးတော့၊ သူ့ရည်ရွယ်ချက် ကောင်းရှာတာပဲ. . (မှန်ပါ့) ဒီလို ပြောလေ့ရှိသေးတယ်. . (မှန်ပါ့)။

မင်းတို့ကသာ မင်းတို့မိတ်ဆွေချင်းမို့ ဒီရည်ရွယ်ချက်ကောင်းရှာတယ်လို့ ဂုဏ်လုပ်ပြီးပြောတာ. . (မှန်ပါ့)။

စင်စစ်တော့ သူသည်ကားဆိုလို့ရှိရင် ရက်ရွှေ့, လရွှေ့ဆိုတာ အနာဂတ်ဘေး စောင့်နေတာ. . (မှန်ပါ့) ပေါ်ပလား. . (ပေါ်ပါပြီဘုရား)။

## ပြည့်သရွှေ့ဆု၊ အဟောသိကံဖြစ်မယ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အနာဂတ်ဘေး

ကလဲ ကေန်ရှိနေတဲ့အထဲမှာ စောင့်လုံးက သန်နေဦးမယ်၊ ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ကို မလုပ်တော့ဘူး ဆိုလို့ရှိရင်ဖြင့် ခုနင်က ပြည့်သရွေ့အကုန် အဟောသိကံဖြစ်. . (မှန်ပါ့)။

ပြည့်သရွေ့ဆုတွေ. . (အကုန်အဟောသိကံဖြစ်ပါတယ်) ကဲ. . ဦးမာဒင် ဒါလောက်နာတာ ရှိသေးသလား. . (မရှိပါဘုရား) ပြည့်သရွေ့ဆုတွေ ဘာဖြစ်သတုံး. . (အကုန်အဟောသိကံဖြစ်ပါတယ်ဘုရား)။

ကဲ. . ဒကာကြွယ် ဒီထက်နာတာကတော့. . (မရှိပါဘုရား) ဒါဖြင့် ဒီနေ့ပြောတဲ့ မြတ်စွာဘုရား အနာဂတ်ဘောဟောတဲ့ နေရာဌာန ကြာတွေပွင့်နိုင်တဲ့ အခြေအနေရှိပါလျက်သားနဲ့၊ တစ်ချက်တည်းလိုလို့ဆိုတာနဲ့လည် ဦးမာဒင် တထပ်တည်းပြောတာပဲ. . (မှန်ပါ့ဘုရား) တထပ်တည်းပဲမဟုတ်လား. . (တစ်ထပ်တည်းပါဘုရား)။

## ညှိပြီးပြောတဲ့ ဘုရားဟောတရားတော်တွေ

အဲဒါက ပါဠိတော်တွေအမျိုးမျိုးညှိပြီးသကာလ ဘုရားဟောတော်မူတာတွေ ပြောနေတဲ့တရားလို့ သေသေချာချာမှတ်ပါ. . (မှန်ပါ့) စကားပြောတာ မဟုတ်ဘူး တရားပြောနေတာ. . . (မှန်ပါ့) ရိပ်မိပြီနော်. . (ရိပ်မိပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ဒကာ ဒကာမတို့ စုံပြီးသား ပုဂ္ဂိုလ်မှာ

ဘာလိုသတုံး ဒကာသစ်ရေ. . (ဓမ္မာနုဓမ္မပဋိပတ္တိ ကျင့်ဖို့လိုပါ တယ် ဘုရား)။

မမေ့ပါနဲ့- မမေ့ပါနဲ့၊ အိပ်ရာထဲ နဖူးပေါ် လက်တင်ပြီး သကာလ အိပ်မယ်ကြံရင်- မင်း ဘယ်အချိုးအစားတုံး ကိုယ့်ကိုယ်ကို မေးပါ. . (မှန်ပါ့)။

မင်းမှာ ဆရာကောင်းတွေ့ရဲ့လား၊ သာသနာတွင်းတွေ့ ရဲ့လားလို့မေးကြည့်. . (မှန်ပါ့) သူဘယ်လိုဖြေမယ်ထင်သတုံး ခင်ဗျားတို့. . (တွေ့ပြီလို့ဖြေပါမယ်ဘုရား)။

သစ္စာတရားဟောတတ်တဲ့ ဆရာသမားနဲ့မင်းတွေ့ ပလားလို့မေးကြည့်. . (တွေ့ပါပြီဘုရား) မင်းကော ထောင် တတ်တဲ့နားကောပါရဲ့လားလို့ မေးကြည့်. . (ပါပါတယ်ဘုရား)။

## မင်းမှာဘာလိုနေသတုံး

ဒါဖြင့် မင်းဘာလိုနေသတုံး၊ မင်းမှာတစ်ခုတည်းလို တော့ပါကလား. . (မှန်ပါ့) ဘာပါလိမ့်. . (ဓမ္မာနုဓမ္မပဋိပတ္တိပါ ဘုရား)။

ဒါဖြင့်ဗျာ ဒီဂဏန်းကလေး တစ်လုံးတိုးလိုက်ရတာနဲ့ ဦးမာဒင်ရေကျုပ်တို့မှာ အလွန်ကျေးဇူးများပါတယ်. . (များပါ တယ်ဘုရား) မများပေဘူးလား. . (များပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာကြွယ် ညော်. . ဒို့ ဓမ္မာနုဓမ္မပဋိပတ္တိ

အလုပ်ကလေးတစ်ခုလိုပါကလား. . (မှန်ပါ့) တခြားဟော တာတွေကဖြင့် ဒို့ကြိုးစားခဲ့သလောက် ခရီးပေါက် ကုန်ပြီ. . (မှန်လှပါဘုရား)။

## ဒီတစ်လုံးချော်ရင် သံသရာမျှောရမယ်

ဒီတစ်လုံးချော်တာနဲ့ တသံသရာလုံးမျှောရမယ်ဆိုလို့ရှိ ရင် ဒို့လောက်မိုက်တွင်းနက်တာမရှိဘူး. . (မှန်ပါ့) ဆိုထိုက်- မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါ တခြားထား ဘုန်းကြီးကလဲ ဒကာဒကာမတွေ အားထုတ်စေချင်ရှာလွန်းလို့ ခင်ဗျားတို့ဒီလိုလေပြေမထိုးပါနဲ့. (မှန်ပါ့) ဦးမာဒင်မထိုးနဲ့နော်. . (မထိုးပါဘုရား)။

## ရှုံးချက်သန်လွန်းလို့

အားထုတ်ရှာစေချင်လွန်းလို့ မဟုတ်ပါဘူး. . (မှန်ပါ့) ရှုံးချက်သန်လွန်းလို့ ပြောတာ. . (မှန်ပါ့) သဘောပါကြပလား . . (ပါပါပြီဘုရား)။

အားထုတ်စေချင်လို့လား၊ ရှုံးချက် သန်လို့လား. . (ရှုံး ချက်သန်လို့ပါဘုရား)။

အဲ. . ဘုန်းကြီးဟောတာကတော့ အရှုံးအမြတ်ကို တွက်ပြီး ဒီရှုံးချက်ဟာ အကုန်နိုင်လာပြီးမှ ဒီတစ်ချက်ကျမှ ရှုံး

တယ်လို့ပြောတာ. . (မှန်ပါ့ဘုရား) သဘောကျပလား. . (ကျပါပြီဘုရား)။

ခင်ဗျားတို့အားထုတ်တာ ခင်ဗျားတို့အရေးပါ- (မှန်ပါ့) မဟုတ်ဘူးလား. . (မှန်ပါ့) ရှုံးတာ၊ မရှုံးတာ မတွက်မှာစိုးလို့ ဦးမာဒင်ရေ အရှုံးတွက်ပြတာ. . (မှန်ပါ့)။

ဓမ္မာနုဓမ္မပဋိပတ္တိ တစ်လုံးတည်းရှုံးလိုက်တာတစ်ခါတည်း ကိလေသာအကုန်နိုင်သွားတယ်. . (မှန်ပါ့) မနိုင်ဘူးလား (နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ကိလေသာ စီမံသလိုခံရလို့ရှိရင် သုံးဆယ့်တစ်ဘုံဟာတဲ့ ကျုပ်တို့၏ အရိုးမြုပ်စရာနေရာပဲ. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ) သုံးဆယ့်တစ်ဘုံ အလောင်းမြုပ်စရာနေရာတွေပဲဆိုရင်ကော. . . (မလွဲပါဘူးဘုရား)။

ဩော်. . . ဘယ့်နှယ်ကြောင့် ဒါလောက်တောင်အလောင်းတွေထပ်ပြီးသကာလ၊ ဘုရားတစ်ဆူခြား မြေကြီးဆယ့်သုံးမိုင်တက်အောင် ကိုယ့်အရိုးတွေမြုပ်ရပါလမ့်မတုံးဆိုတော့၊ ဓမ္မာနုဓမ္မပဋိပတ္တိ တစ်ချက်တည်းချော်သွားတယ်. . . (မှန်ပါ့)၊ များများချော်တာလား. . . (နည်းနည်းချော်တာပါဘုရား)။

## ဝေပုလ္လတောင်လောက် နာလိမ့်မယ်

ဒကာဒကာမတို့ အဖိုးတန်အောင် ပြောနေလို့ တန်နေတာလား . . တဲ့၊ အမှန်တရားလို့ဆိုတာလဲအကဲခတ်ကြည့် (အမှန်တရားပါဘုရား) အမှန်တရားပြောတာ . . (မှန်ပါ့)။

အမှန်တရားက . . တဲ့ သံယုတ် ပါဠိတော်ကြီးထဲမှာလည်းတဲ့ မင်းတို့တစ်ချက်လွဲရင် ဝေပုလ္လတောင်လောက်နာလိမ့် မယ်နော် . . (မှန်ပါ့ဘုရား)။

ဝေပုလ္လတောင်ဆိုတာ တစ်နေ့ကပြောခဲ့တယ် လေးရက်တက်လေးရက်ဆင်း . . (မှန်ပါ့ဘုရား) လူတစ်ယောက်အရိုးတွေဟာ . . (မှန်ပါ့)။

ဒီတစ်ချက်လွဲသွားရင်လူတစ်ယောက်အရိုးတွေဟာ လေးရက်တက်, လေးရက်ဆင်းလောက်ကုန်ပြီးတော့မှ ဟိုဘက်မှာ ကျွတ်မယ် . . (မှန်ပါ့) ဆိုတော့သေရဲကြမလား . . (မသေရဲပါဘုရား)။

ဒါ ဘာလွဲသွားတုံးဒကာကြွယ် . . (ဓမ္မာနုဓမ္မပဋိပတ္တိလွဲသွားတာပါဘုရား) ကဲ . . ဦးမာဒင် ဒါလောက်အဖိုးတန်တဲ့အဖြစ်မရှိတော့ပါဘူး . . (မှန်ပါ့)။

ဒါဖြင့် အလွဲခံကြမလား . . ၊ အမှန်ပဲဖြစ်အောင်လုပ်ကြမလားဆိုတာဖြင့် မေးဖို့လည်း မလိုတော့ပါဘူး . . (မလိုပါဘုရား)။

## ကိစ္စတုံးပဲလုပ်ပါတော့မယ်

ဒါလောက်နဲ့ဖြင့် တပည့်တော်တို့ ဒီဘဝအရှုံးမပေး တော့ဘူး ဘုရား. . (မှန်ပါ့) ကိစ္စတုံးပဲလုပ်လိုက်ပါတော့မယ်ဆို ပြီး သကာလ ဆုံးဖြတ်ချက်ချလိုက်. . (မှန်လှပါ) သဘောကျ ပလား. . (ကျပါပြီဘုရား)။

အဲဒါတိုက်တွန်းလုံးလား ဦးမာဒင်ရေ- ဖြစ်စဉ်ကိုက် လား (ဖြစ်စဉ်ကိုက်ပါဘုရား) တိုက်တွန်းလုံးမဟုတ်ပါဘူး (မဟုတ်ပါဘုရား)။

တိုက်တွန်းလုံးဖြင့်လည်း ဝေပုလ္လတောင်ကြီးကို ဘုရား ထည့်မဟောပါဘူး. . (မှန်ပါ့) ပေယျတို့ကိုလည်း ဘုန်းကြီးက ထည့်မဟောပါဘူး. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ)။

ခုနင်က ဒုလ္လဘ ခြောက်ပါးကိုလည်း ဘုန်းကြီးက ထည့် မဟောပါဘူး. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ)။

အခု ဒုလ္လဘခြောက်ပါး တစ်ပါးတည်းလိုတာနဲ့ နာသွားတာ. . (မှန်ပါ့) မနာဘူးလား. . (နာပါတယ်ဘုရား)။

ကိုင်း. . ဒါဖြင့် ဒကာသစ်ဘာတစ်ခုဟာ ကျုပ်တို့ အရေးအကြီးဆုံး အချက်ပါလိမ့်မလည်းဆိုတာ ယနေ့ပေါ်ပါ တယ်. . (ပေါ်ပါတယ်ဘုရား) ဦးမာဒင် ဘာပေါ်သတုံး. . (ဓမ္မာနုဓမ္မပဋိပတ္တိပေါ်ပါတယ်ဘုရား) ရှင်းပလား. . (ရှင်းပါပြီ)။

အားလုံး ဒကာဒကာမတွေ နာရှိုး, နာစဉ်နဲ့ တရားကို

မနာလိုက်ပါနဲ့. . (မှန်ပါ့) ဩော်. . တို့အရေးဘာကျန်သေးသတုံးဆိုတဲ့ဥစ္စာ တို့အရေးစုံပါပေ့ါလား တစ်ခုတည်း ကျန်ပါပေ့ါလား. . (မှန်ပါ့)။

## ဒုလ္လဘခြောက်ပါးတစ်ပါးတည်းလိုနေတာ

ကျန်တဲ့အရေး အကုန်စုံတယ်. . (မှန်ပါ့) ဓမ္မာနုဓမ္မပဋိပတ္တိတစ်ခုသာ (ကျန်ပါတယ်ဘုရား) ကျန်တော့တယ်ဆိုရင်ဖြင့် နောက်ဆုံးပိတ်ခြေလှမ်းကလေး ခုန်လှမ်းလိုက်တာပေ့ါ (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

နောက်ဆုံးပိတ် ခြေလှမ်းကလေး. . (ခုန်လှမ်းလိုက်တာပေ့ါ) ခုန်လှမ်းလိုက်လို့ရှိရင် ဟိုမှာဘက်ကမ်းဆိုတဲ့ နိဗ္ဗာန်ရောက်ပါတယ်. . (မှန်ပါ့ဘုရား) မရောက်စရာရှိသေးရဲ့လား (မရှိပါဘုရား)။

ကဲ. . ဒကာကြွယ် ဒါလောက်ဆိုလို့ရှိရင် ဩော်. ကိုယ့်အရေးဟာ ကိုယ့်တွက်ကိန်းကလေး ရပါလိမ့် မယ်- (ရပါတယ်) ဦးမာဒင်ရပလား. . (ရပါပြီဘုရား)။

ဒါဖြင့် ဒီတွက်ကိန်းကိုဖြင့် ကိုင်း- ကြိုးစားပြီးသကာလ ဓမ္မာနုဓမ္မပဋိပတ္တိ တစ်လုံးဖြည့်တော့မယ်ဆိုတာ ယနေ့အကြီးအကျယ် ဆုံးဖြတ်ချက်ချ. . (မှန်ပါ့) ဘာမှမလိုဘူးခင်ဗျားတို့ (မှန်ပါ့ဘုရား)။

ဘာလုပ်ရမယ် (ဓမ္မာနုဓမ္မပဋိပတ္တိတစ်လုံးဖြည့်ရပါ မယ်) ဓမ္မာနုဓမ္မပဋိပတ္တိ တစ်လုံးဟာဖြင့် အလွန်အရေးကြီးတယ် (မှန်ပါ့ဘုရား)။

ခုနင်က ကြာသည်ရေပေါ်တွင် တက်ငြားသော်လည်း နေရောင်ခြည်နဲ့မတွေ့ရ လေအေးနဲ့မတွေ့ရရင် ဦးမာဒင်ပွင့်ပါ့မလား. . (မပွင့်ပါ) ငုံပြီးသကာလ တစ်ခါတည်း သူ့ရက် လည်းကုန်သွားတဲ့အတွက် ကြာငုံကြာမြုံဖြစ်သွားတယ်. . (မှန်ပါ့) မနာဘူးလား. . (နာပါတယ်) သဘောကျပလား. . (ကျပါပြီဘုရား)။

## ဝိပဿနာလုပ်ကြပါ

အေး. . ဒါကြောင့် စုံပြီးသားပုဂ္ဂိုလ်က အလုံးစုံ စုံတဲ့ အထဲမှာ တစ်ခုကလေး ဖြည့်စရာရှိတဲ့ဥစ္စာ ဒကာကြွယ်ရေ အဖြည့်ကြီးဖြည့်လိုက်ပါ (မှန်လှပါဘုရား)။

ဘုရားကတော့ဖြင့် အရိုးကြေကြေ အရေ ခြောက် ခြောက်လုပ်လိုက်ပါကွာဆိုတာ သူ့ပြောရိုးပြောစဉ်မို့ ပြောတာ (မှန်ပါ့) ဝိပဿနာလုပ်လို့ အရိုးကြေစရာ တစ်ခုမှမရှိပါဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီ) အရေလဲခြောက်စရာ (မရှိပါ) မစားသောက်ဘဲနဲ့ လုပ်ရတာမှ မဟုတ်ဘဲ (မှန်ပါ့) တထိုင်တည်းလည်း လုပ်ရတာမှမဟုတ်ဘဲ (မှန်ပါ့ဘုရား)။

"သမိဒ္ဓိတေပသာရိတေ" အင်း-ဆန့်ပြီးခြေထောက်ဆန့် တဲ့အခါလည်း ဆန့်လုပ်နေလို့ပြောတာပဲ (မှန်ပါ့) ကွေးလုပ်တဲ့ အခါကော. . . (ကွေးလုပ်တယ်) . . . သွားတဲ့အခါကော (သွားလုပ်ပါတယ်) "**ဂစ္ဆန္တော ဝါဂစ္ဆာမီတိ ပဇာနာတိ**" သွားလဲ လုပ်နိုင်တယ်ပြောတော့ ဘယ်ကလာအရိုးကြေစရာ ရှိရမှာ လဲ. . . (မရှိပါဘုရား)။

သို့သော် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ယောကျ်ားတို့၏ စွမ်းအားဆိုတာ စိတ်ထားဒါလောက် မြင့် မြတ်ရမကွ၊ ဟောလိုက်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)၊ ယောကျ်ားတို့၏ စွမ်းပကားသည် အရိုးကြေကြေ အရေခြောက်ပစေကွ၊ ဒီမင်္ဂဉာဏ် ဖိုလ်ဉာဏ်မပွင့်ရရင်ဖြင့် မနေဘူးကွဆိုတဲ့ စိတ်ထားမြင့်မြတ်ပုံကို ဒီအတိုင်းထားပါလို့ ဟောတာ. . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဆင်ခြေမလဲနဲ့ အလုပ်လုပ်ဖို့အရေးကြီးတယ်

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ဟာဖြင့် အလွန်အရေးကြီးပေါ့ ဆိုတဲ့ဥစ္စာဖြင့် ဘာမှ ခင်ဗျားတို့ ဆင်ခြေမလဲနဲ့၊ သူပြီး- ပြီးတော့မှာပဲသာ ဆုံးဖြတ် ချက်ချ. . . (မှန်ပါ့ဘုရား)။

သူပြီးရင်. . . (ပြီးတော့မှာပါ) အေး. . . ဒါကြောင့်

လေးလေးစားစားနဲ့ ပြောနေတယ်ဆိုတာလဲ ဦးမာဒင် ရိပ်မိနေပါပြီ (ရိပ်မိပါပြီ) ရိပ်မိပြီတဲ့၊ လျော့စျေးတစ်လုံးမှ မထည့်လိုက်ပါနဲ့ဆိုတာကိုလည်း ပါရမီတွေစုံပြီးသားမို့ ပြောပါတယ် (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## သိကြားမင်းအလုပ်လုပ်လို့ သောတာပန်တည်တယ်

ကဲ. . . ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်လုပ်တော့မယ်ဆိုတော့၊ မနေ့ကတရားကို ဒကာ ဒကာမတို့ အစကလေးပြောပြီး၊ နောက်ပိုင်းမှာ ဝိပဿနာအလုပ် လုပ်ပုံကို သိကြားအား ဟောတယ်. . . (မှန်ပါ့) သိကြားကို ဝိပဿနာလုပ်ပုံဟောတဲ့အတွက်၊ သိကြားချက်ချင်း သောတာပန်တည်တာထောက်လို့ရှိရင်ဖြင့်၊ ဩော်. . . ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ဟာတယ်အရေးကြီးပါလားဆိုတာ ဒကာကြွယ် ပေါ်လာတယ် (ပေါ်လာပါတယ်) မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ကိုင်း. . . အားလုံး နားထောင်ကြပါ ဒကာ ဒကာမတို့မနေ့ကဟာကလေး ပြန်ပြီး တိုတိုပဲ ဆက်ပါတယ်. . . (မှန်ပါ့) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးပြီးနေတဲ့အချိန်မှာ သိကြားသည် လာပါတယ်တဲ့၊ လာပြီးသကာလ ဘုရားအရင် သူက သိကြားဖြစ်နေရတဲ့

အတွက် သူ့ကြဲလုံးတွေဟာ တခြားသော ဘုရားအမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေထံ မေးမြန်းကြည့်တဲ့အခါ ဒကာကြွယ်ဘာမှ အဖြေ မရဘူး. . . (မရပါဘုရား)။

သံသယဝိစိကိစ္ဆာ ရှင်းလောက်အောင် ဘာမှ မရတဲ့ အတွက် သူ့မှာ အစောင့်ကြီး စောင့်နေရပါတယ်. . . (မှန်ပါ့) နောက်ဘုရား ပွင့်လာတယ်ကြားတော့ သူအရင်ပဲ ပြေးလာ တယ်လို့ ဒကာကြွယ်မှတ်တာပေါ့. . . (မှန်ပါ့ဘုရား)။

တစ်ခါတည်း ကောက်မေးလိုက်တယ်၊ အရှင်ဘုရား တပည့်တော် မသိတဲ့ဥစ္စာ မေးပရစေဆိုတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ကဲ. . . မင်းသံသယရှိတာ အကုန်ပြေ စေ့မယ်ကွာ-မေးတဲ့-(မှန်ပါ့) ဆိုတော့ ရဲရဲတင်းတင်းကြီးကိုဗျ. . (မှန်ပါ့ဘုရား)။

## အသက်တိုတာဘယ်သူ့ကြောင့်တုံး

အရှင်ဘုရား လူတွေဟာ ကျန်းမာရေး၊ ချမ်းသာရေး လိုက်စားပါလျက်သားနဲ့၊ ကိုယ့်ကိုယ်ကိုလည်း မေတ္တာတွေ အများကြီး ပို့သပါလျက်နဲ့၊ အစားကောင်း အသောက်ကောင်း တွေနဲ့ ကျွေးမွေးပြီးသကာလ ပြုစုကြပါလျက်သားနဲ့၊ ဘယ့်နှယ် ကြောင့် ရောဂါများ အသက်တိုရပါသတုံးတဲ့. . . (မှန်ပါ့) မေးတာ အင်မတန်ပွိုင့်ကျတယ်လို့ ဒကာသစ် အောက်မေ့ ရမယ်. . . (မှန်ပါ့ဘုရား)။

## ဣသာ မစ္ဆရိယကြောင့်

အဲဒီမှာ ဘုရားသခင်က ဘာပဲလုပ်နေနေကွာ ဣသာ မစ္ဆရိယ (မနာလိုမှု၊ ဝန်တိုမှု) ရှိရင် ဒါလာမှာပဲတဲ့. . . (မှန်ပါ့ဘုရား)။

ဒီတော့ ရောဂါများ အသက်တိုတာ ဘယ်သူ့ကြောင့်တဲ့ (ဣသာမစ္ဆရိယကြောင့်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ဒီဟာတွေကို ရောဂါကင်းချင်ပါတယ်ဆို ဆေးအားမကိုးပါနဲ့. . . (မှန်ပါ့) ဆေးဟာ ဥပထမ္ဘကသာရှိပါတယ်၊ ဥပထမ္ဘကဆိုတာက ဦးမာဒင် မှတ်လိုက် အထောက်အပံ့ကလေးပဲ ရတယ်. . . (မှန်ပါ့ဘုရား) အပျောက်မရဘူး (မှန်ပါ့) အထောက်အပံ့က တစ်မျိုးနဲ့ အပျောက်ကတစ်မျိုးနော်. . (မှန်ပါ့) အထောက်အပံ့ကတစ်မျိုးနော်. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

## အထောက်အပံ့ကဆေးနှင့်အဟာရ

အထောက်အပံ့က. . (တစ်မျိုးပါ) အပျောက်က (တစ်မျိုးပါ) အဲ. . ထမင်းခဲဖွယ်ဘောဇဉ်တို့က အထောက်အပံ့ကို သာရတယ်တဲ့၊ ရောဂါအပျောက်ကျတော့မရဘူး. . (မရပါဘုရား)။

ရောဂါအပျောက်ကျတော့ ခင်ဗျားတို့လောကီ ဥပမာနဲ့ ပြောတော့ဆေး. . (မှန်ပါ့) ထမင်းက. . (အထောက်အပံ့ပါ) သဘောကျပလား. . (ကျပါပြီဘုရား)။

အဲ. . အထောက်ပံ့က တစ်မျိုး၊ အပျောက်ကတစ်မျိုး (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ထိုနည်းအတူပဲတဲ့ ခင်ဗျားတို့အခုကျန်းမာရေး, ချမ်းသာရေး ဒီအပြင်ဟာတွေ လုပ်ပြီးသကာလ နေကြတာက အထောက်အပံ့သာဖြစ်တယ်. . (မှန်ပါ့) တကယ့်ရောဂါပျောက်ဖို့ကျတော့ ဣဿာမစ္ဆရိယကို မရှိရအောင် ခင်ဗျားတို့ဝိပဿနာ ရှုနိုင်မှ (မှန်ပါ့) ပေါ်ကြပလား. . (ပေါ်ပါပြီဘုရား)။

## ပျောက်ဖို့က ဝိပဿနာရှု

ဣဿာမစ္ဆရိယကို. . (မရှိအောင် ဝိပဿနာရှုနိုင်မှပါ ဘုရား) မရှိအောင်ရှုနိုင်လို့ရှိရင် သူကလာတဲ့ရောဂါဆိုတော့ ဦးမာဒင်တို့ စဉ်းစားကြည့်၊ သူပျောက်ရင်အကုန်ပျောက်ရမယ်. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဒါနဲ့ သိကြားကမကျေနပ်တာနဲ့၊ ဒါဖြင့် ဘုရားဣဿာမစ္ဆရိယကြောင့် အသက်တိုရောဂါများဆိုတာ တပည့်တော်များ သံသယရှင်းလို့ ကင်းပါပြီ၊ ဒီဣဿာမစ္ဆရိယလည်း ဘယ်ကများလာလို့ တပည့်တော်တို့ သန္တာန်ရောက်ပါလိမ့်မလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်အကြောင်း လှမ်းမေးလိုက်တယ်. . (မှန်ပါ့ဘုရား)။

## ဣဿာမဋ္ဌရိယဘယ်ကလာ

အကြောင်းလှမ်းမေးလိုက်တော့၊ မနေ့က နာပြီးသား ဒကာဒကာမတွေဖြေကြမယ်ဆိုလို့ရှိရင်ဖြင့် ဘာဖြေကြမလဲ. . (ချစ်ခြင်း မုန်းခြင်းက လာပါတယ်) ဩော်- ဟုတ်ပြီ- ဟုတ်ပြီ၊ ချစ်ခြင်း, မုန်းခြင်းကလာတယ်. . (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေ ဣဿာမဋ္ဌရိယ ဘယ်ကလာပါလိမ့်. . (ချစ်ခြင်း, မုန်းခြင်းက လာပါတယ်ဘုရား) ချစ်ခြင်း, မုန်းခြင်းက လာတယ်နော်. . (မှန်ပါ့)။

သေသေချာချာကြည့်ပါ. . တဲ့၊ မဲတွေဘာတွေ ရွေးကြတော့မယ်ဆိုတော့ ကိုယ်ရစေချင်တဲ့အမတ်ဘက်ကတော့ ကိုယ်ခင်တဲ့ဘက်ကတော့၊ ကြော်ငြာတွေဘာတွေ အမျိုးမျိုးအဖုံဖုံချွတ်ယွင်းချက်တွေထားပြီး ပြောကြားသော်လည် ဒကာသစ်တို့ကကျေနပ်ကဲ့လား. . (မကျေနပ်ပါဘုရား)။

ဣဿာမီးမွှေးတယ်. . (မှန်ပါ့) အလကားပါကွ ဒီဥစ္စာအပြောတွေပါ၊ မဲဆွယ်တာတွေပါ. . (မှန်ပါ့) အစရှိသည်နဲ့ ဒါမဲဆွယ်တာဆိုကတည်းက ဘယ်သူကထွက်တဲ့အသံတုံး. . (ဣဿာကပါဘုရား) ဣဿာကထွက်တဲ့အသံ၊ သဘောကျပလား. . (ကျပါပြီ)။

မဲဆွယ်တာတွေပါကွာ၊ ဒီဥစ္စာအလကားဟာပါ၊ ဒါ-ဘာကထွက်လာတာတုံး. . (ဣဿာကထွက်လာတာပါဘုရား)။

သို့သော်. . ခင်ဗျားတို့က ဣသာမထင်ဘူး၊ ခေတ်သုံးစကားနဲ့ ကြည့်လိုက်တော့ ဒီဥစ္စာဖြစ်မြဲပဲ. . (မှန်ပါ့)။

ဣသာလို့ကိုမထင်ဘူး. . (မှန်ပါ့) စင်စစ်ကတော့ ဘာပါလိမ့်. . (ဣဿာပါဘုရား)။

ဣဿာပဲ၊ ဟိုဘက်က ဘာတွေရေးပြီးဘယ်လိုမျှော်လင့်ချက်တွေအမျိုးမျိုးအဖုံဖုံကြော်ငြာတွေကမ်းတော့ ဒကာသစ်တို့က ဘယ်လိုပြောလေ့ရှိသတုံး. . (မဲဆွယ်တာ) မဲဆွယ်တာပါအလကားပါကွာ (မှန်ပါ့) အလကားပါဆိုနောက်လိုက်လာကတည်းက ဒါ- ဘယ်သူ့အသံဆိုတာ ရိပ်မိရောပေါ့ (ရိပ်မိပါပြီဘုရား) ဘယ်သူပါလိမ့်. . (ဣဿာပါဘုရား) ဣဿာရဲ့အသံဆိုတာ သဘောကျပလား. . (ကျပါပြီ)။

ကောင်းပြီ. . တဲ့၊ ဒကာဒကာမတို့ ချစ်တဲ့လူအတွက်ကိုတော့ဖြင့် ဟိုဘက်ကဟာတွေ ဣဿာဖြစ်လိုက်တာပါပဲ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

မစ္ဆရိယဆိုတာကတော့ ဒကာ ဒကာမတို့ ဝန်တိုမှုပါ . . (မှန်ပါ့) အဲဒီတော့ ဝန်တိုမှု ဘာတုံးဆိုတော့ ကိုယ်ချစ်တဲ့လူဟာ ဒကာ ဒကာမတို့ ငွေလည်းမကုန်စေချင်ဘူး. . (မှန်ပါ့) နိုင်လည်းနိုင်စေချင်တယ်. . (မှန်ပါ့)။

ငွေလည်းမကုန်စေချင်တာက ဘာပါလိမ့်. . (မစ္ဆရိယပါဘုရား) သဘောကျပလား. . (ကျပါပြီ)။

အဲဒီမှာသေသေချာချာသိတော့ ဒီပွဲတွေဟာဘာပွဲတုံး လို့ မေးလို့ရှိရင် ဣဿာမစ္ဆရိယပွဲတွေပဲ. . (မှန်လှပါ) ရိပ်မိပ လား. . (ရိပ်မိပါပြီဘုရား)။

ဘာပွဲတွေတုံး. . . (ဣဿာမစ္ဆရိယပွဲတွေပါဘုရား) ရှင်းပြီနော်. . (ရှင်းပါပြီ)။

ဒါဖြင့် ဣဿာမစ္ဆရိယဟာ ဒကာကြွယ်ရေ. . . ဘယ်ကလာပါလိမ့်ဗျာ. . . (ဆန္ဒကလာပါတယ်) ချစ်ခြင်း၊ မုန်းခြင်းကလေ( မှန်ပ့ါ)။

ဣဿာ မစ္ဆရိယဟာ. . . (ချစ်ခြင်း၊ မုန်းခြင်းက လာပါတယ်) ချစ်ခြင်း မုန်းခြင်းက လာတာပဲဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ချစ်တဲ့လူအတွက် ဣဿာကပါလာတယ်. . . (ပါလာ ပါတယ်ဘုရား) မုန်းတဲ့လူအတွက် အလကားပါကွ. . . ဆိုတဲ့ မစ္ဆရိယ . . . (မှန်ပ့ါ)။

ဒါဖြင့် ဒီတစ်ယောက်တည်းမှာကို ကိုယ်ချစ်တဲ့လူနဲ့ တွဲလိုက်တည်းက ကိုယ့်သန္တာန်မှာ တရားနှစ်မျိုးဖြစ်တယ်. . . (မှန်ပ့ါ) ကိုယ်ချစ်တဲ့လူကျတော့ ဒကာသစ် နိုင်စေချင်တယ် (မှန်ပ့ါ) ဟိုဘက်က အကောင်တော့ ဒီအချိန် ထိုးလဲသွားရင် ကောင်းတယ်. . . (မှန်ပ့ါ) မစ္ဆရိယပဲ. . . (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ချစ်ခြင်း၊ မုန်းခြင်းကြောင့် ဘာလာသတုံး. . . (ဣဿာမစ္ဆရိယလာပါတယ်) ဣဿာမစ္ဆရိယလာတယ်. . . (မှန်ပါ့) ရိပ်မိပြီနော်. . . (ရိပ်မိပါပြီဘုရား)။

အေး. . . ဒါဖြင့် တစ်ခါ နောက်ဆုတ်မေးပါ၊ ချစ်ခြင်းမုန်းခြင်းကကော ဒကာကြွယ်တို့ ဒကာသစ်တို့ ဘယ်ကလာပါလိမ့်. . . (ဆန္ဒကလာပါတယ်ဘုရား)။

## ချစ်ခြင်းမုန်းခြင်းဘယ်ကလာ

ဩော်. . . သူနိုင်လိုတဲ့ ဆန္ဒပါပဲ (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ) ဟိုဘက်တော့ ရှုံးလိုတဲ့ဆန္ဒပါပဲ (မှန်ပါ့) ဒီဘက်ကျတော့. . . (နိုင်လိုတဲ့ဆန္ဒပါဘုရား)။

ချစ်တဲ့လူအတွက်ကျတော့ နိုင်လိုတဲ့ဆန္ဒ. . . (မှန်ပါ့) မုန်းတဲ့ပုဂ္ဂိုလ်ကျတော့ (ရှုံးလိုတဲ့ဆန္ဒပါဘုရား) ရှုံးလိုတဲ့ဆန္ဒကြောင့်ဆိုတော့ သေချာပလား. . . (သေချာပါပြီ)။

အဲဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . ဒီဆန္ဒတစ်လုံးကြောင့် ချစ်ခြင်း၊ မုန်းခြင်းလာတယ်. . . (မှန်ပါ့) ချစ်ခြင်းမုန်းခြင်းကြောင့် ဣဿာ့မစ္ဆရိယဖြစ်ရတယ် (မှန်ပါ့) ဣဿာမစ္ဆရိယဖြစ်ရတာကြောင့်လည်း အသက်တို ရောဂါများတယ် . . . (မှန်ပါ့) ပေါ်ပြီနော်. . . (ပေါ်ပါပြီဘုရား)။

**ဆန္ဒကာဘယ်ကလာတာတုံး**

ကောင်းပြီ. . . ဒါဖြင့် ဒကာ ဒကာမတွေ တွက်ပါဦး တဲ့၊ ဒီဆန္ဒကလည်း ဒကာသစ် မနေ့က ဟောပြီးပါပြီ၊ ဘယ်က များလာသတုံး. . . (ဝိတက်ကလာပါတယ်ဘုရား) ဪ. . . ဝိတက်ကလာမှာပဲ. . . (မှန်ပါ့)။

ကိုယ့်အလုပ်အကိုင်နဲ့ အကြံအစည်နဲ့ဆိုတော့ ဒီပုဂ္ဂိုလ် နဲ့မှ ကြံစည်လို့ဖြစ်တာ ဒီ့ပြင်လူတွေဆိုရင် အလကားပဲ. . . (မှန်ပါ့) အံမာ. . . အကြံအစည်နဲ့ကိုးဗျ. . . (မှန်ပါ့) ရိပ်မိ ပလား (ရိပ်မိပါပြီ)။

ဒကာကြွယ် ဒီ့ပြင်လူဆိုရင် ကျေနပ်ပလား. . . (မကျေနပ်ပါဘုရား) ကိုယ့်အကြံအစည်နဲ့တော့. . . သူနဲ့မှ တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်တယ် (မှန်ပါ့) ကိုယ့်အကူအညီကို သူကမှ ပေးမှာဆိုတော့ ကြံလုံးက လာတယ်ဆိုတဲ့ အဓိပ္ပါယ် ဟာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အဲ. . . ဒါတွေက မနေ့က ဟောပြီးလို့ ဒကာ ဒကာမ တို့ နောက်ဆုတ်လည်း တွေးတတ်ပါပြီ - (မှန်ပါ့ဘုရား) ရှင်းပြီ နော် (ရှင်းပါပြီဘုရား)။

ဒီနေ့တိုးစရာက ဝိပဿနာအလုပ်တွေဖြစ်နေတော့ ဒကာ ဒကာမတို့ သေသေချာမှတ်ပါ. . . (မှန်ပါ့)။

## ဝိတက်ဘယ်ကလာတာတုံး

အဲဒီဝိတက်ကတော့ ဘယ်ကများလာပါလိမ့်မတုံး ဘုရားလို့ သိကြားကလည်း လျှာရှည်တယ် မအောက်မေ့နဲ့ ဒကာ ဒကာမတို့ သူ့မှာမသိလို့ မေးရရှာတယ်. . . (မှန်ပါ့)။

ဘုရားမပွင့်ခင်က သူ့စောင့်လာခဲ့တာကြာပြီ၊ တစ်ယောက်မှ အမှန်ကို အဖြေမပေးနိုင်ဘူး. . . (မှန်ပါ့)။

ဒါ့ကြောင့် သူသည်ကားလို့ဆိုရင် ဘုရားပွင့်သည်နဲ့ တစ်ပြိုင်နက်တည်း ဒကာကြွယ် ဦးအောင်လာမေးတာ. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါ-ပါပြီဘုရား)။

ဒါနဲ့ ဖြေလိုက်ပါတယ်. . . တဲ့၊ ဒီဝိတက်ကလည်းကွာ ပပဉ္စကြောင့်လာတာဟေ့. . . တဲ့. . . (မှန်လှပါ) တဏှာ၊ မာန၊ ဒိဋ္ဌိကြောင့်လာတာ. . . (မှန်ပါ့)။

## တဏှာမာနဒိဋ္ဌိကြောင့်ဝိတက်ဖြစ်

ဘယ်သူ့ကြောင့် လာတာပါလိမ့်. . . (တဏှာ၊ မာန၊ ဒိဋ္ဌိကြောင့် လာတာပါဘုရား)။

ဩော် . . . ဟုတ်ပြီ. . . တဲ့၊ ကိုယ့်စီးပွားရေးဆိုတော့ တဏှာပေါ့ဗျာ. . . (မှန်ပါ့) သူ့လူ အမတ်တင်လိုက်မှ ကိုယ် အောက်မကျမှာဆိုတဲ့ မာန. . . (မှန်ပါ့) ကိုယ့်လူမှ ကိုယ့်လူ ဆိုတဲ့ ဒိဋ္ဌိ. . . (မှန်ပါ့ဘုရား)။

အံမာ. . . ခင်ဗျားတို့ဟာ လွယ်တာမဟုတ်ဘူးနော် (မှန်လှပါ) တစ်ယောက်တည်း မှတ်တည်နေတာ၊ ကိုယ့်သားသမီး မှတ်တည်လည်း ဒီအတိုင်းမှတ်ပါ. . . (မှန်ပါ့) ရှင်းအောင်လို့သာ တစ်ခုပြောနေရတယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝိတက်ဟာ ဘယ်ကလာပါလိမ့်မတုံး. . . (တဏှာ၊ မာန၊ ဒိဋ္ဌိကပါဘုရား) အေး. . . တိုတိုပြောတော့ ပပဉ္စက. . . (မှန်ပါ့ဘုရား) ရှင်း ပလား. . . (ရှင်းပါပြီဘုရား)။

တိုတိုပြောတော့. . . (ပပဉ္စကပါဘုရား) သဘောပါ ကြပလား (ပါပါပြီဘုရား) တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စ ကလာပါတယ်. . . (မှန်ပါ့)။

## ဝေဒနာကြောင့် ပပဉ္စဖြစ်တယ်

ဒါနဲ့ပဲ တစ်ခါ အလုပ်ကျအောင်သွားကြစို့. . . ဆိုတော့ သိကြားက တစ်ခါ ဒီပပဉ္စကကောဘုရား. . . ဘယ်ကများ လာပါလိမ့်မလဲ. . . တဲ့. . . (မှန်ပါ့ဘုရား) သူမေးပြန်တာပဲ (မှန်ပါ့ဘုရား)။

တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စကကော ဘယ်ကများ လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဘုရားက ဝေဒနာ သုံးပါးကဟော့. . . တဲ့. . . (မှန်ပါ့) ပေါ်ပြီ ဒကာ ဒကာမတို့ (မှန်ပါ့) ဘာတဲ့တုံး. . . (ဝေဒနာသုံးပါးကပါဘုရား)။

ဝေဒနာသုံးပါးက လာတာပေါ့ ဒကာ ဒကာမတို့၊ သုခ ဝေဒနာ ပစ္စယာ တဏှာ. . . (မှန်ပါ့) ဟော. . . ကိုက်နေပြီ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ပပဉ္စတရားသည် ဒကာ ဒကာမတို့ သူ၏ ရေသောက်မြစ်ရှာလိုက်တော့ ဝေဒနာလာတွေ့တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာတွေ့ပါလိမ့်. . . (ဝေဒနာတွေ့ပါတယ်ဘုရား) ဝေဒနာလာတွေ့တယ်ဆိုတာဖြင့် ဦးမာဒင် သေသေချာချာ မှတ်ပါ. . . (မှန်ပါ့ဘုရား)။

## ပပဉ္စချုပ်အောင်ဝေဒနာဖြစ်ပျက်ရှုပါ

ဒါဖြင့် တပည့်တော်တို့ ရှုတာနဲ့ကိုက်ပြီ. . . (ကိုက်ပါပြီ) ပပဉ္စချုပ်အောင် ဘာရှုရမလဲ. . . (ဝေဒနာရှုရပါမယ်ဘုရား)။

အေး. . . နေရာကျပြီ ဒကာ ဒကာမတို့၊ ပပဉ္စ ချုပ်အောင် ဘာရှုရမယ်. . . (ဝေဒနာရှုရပါမယ်) ဝေဒနာရှုရမယ်ဆိုတာ သေချာပြီ. . . (သေချာပါပြီဘုရား)။

## သိကြားမင်း ဝေဒနာနဲ့ သောတာပန်တည်တယ်

ဒီတွင် သိကြားက ဒကာ ဒကာမတို့ သူ ဝေဒနာနဲ့ သောတာပန်တည်တာ. . . (မှန်ပါ့)။

သိကြားဘာနဲ့တည်မှာတုံး. . . (ဝေဒနာနဲ့ တည်မှာပါဘုရား)။

စပ်မိလို့ပြောရဦးမယ်၊ ဒီဝေဒနာဟာ တယ်ကျေးဇူးများတယ်. . . (မှန်ပါ့ဘုရား) ရှင်သာရိပုတ္တရာကြီး ရဟန္တာဖြစ်တာလည်း ဦးမာဒင်မှတ်လိုက် ဝေဒနာနဲ့ဖြစ်တာ. . . (မှန်ပါ့)။

ဝေဒနာရှုပြီး တက်လာတာ. . . (မှန်ပါ့) သူ့တူဒီဃနခတို့ကလည်း ဝေဒနာနဲ့ဖြစ်တယ်. . . (မှန်ပါ့) ဝေဒနာနဲ့ သူလည်း သောတာပန် တည်သွားတာပဲ. . . (မှန်ပါ့)။

ဩော်. . . ဒါကြောင့် ဒီဝေဒနာကို ဝေဒနာနုပဿနာလို့ သီးသန့်ထားပေးတာပဲ သတိပဋ္ဌာန်လေးပါးမှာ သီးသန့်ပါတယ်. . . (မှန်ပါ့) မပါဘူးလား (ပါပါတယ်ဘုရား)။

## ဝေဒနာကိုရှုဖြစ်အောင်ရှုပါ

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဝေဒနာဟာ ဘုန်းကြီးလည်း ခဏခဏ ဒကာ ဒကာမတွေ ဝေဒနာနုပဿနာရှုပါဟော့. . . ရှုပါဟော့လို့ တော်တော့ကို ကျေးဇူးများပါတယ်ဆိုတဲ့ ဥစ္စာလည်း ဟောခဲ့လှပြီ (မှန်ပါ့) ရိပ်မိကြပြီ. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဝေဒနာကိုရှုဖြစ်အောင်ရှုပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တိုက်တွန်းပြီ. . . (မှန်ပါ့)။

သိကြားကမေးတာကိုး. . . (မှန်ပါ့) တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားဟာ ဘုရား၊ သံသရာချဲ့တဲ့တရား၊ သံသရာ အိုဘေး၊ နာဘေး၊ သေဘေးသူက ဆက်သွယ်ပေးတာ၊ အဲဒါ သူ ဘယ်ကလာသတုံးဆိုတော့ ဝေဒနာသုံးပါးက လာတာ ကွတဲ့. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ့်နှယ်ဖြေကြသလဲ. . . (ဝေဒနာ သုံးပါးကလာပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဒကာ ဒကာမတွေက ဝေဒနာကနေ ဖြတ်လိုက်ရင် ပပဉ္စပြတ်ပြီ. . . (ပြတ်ပါပြီဘုရား) ဟိုဘက် ရောဂါ ဝေဒနာဆုံးသည်တိုင်အောင်ကော. . . (ပြတ်ပါတယ် ဘုရား)။

ရောဂါဝေဒနာ မရှိသည့်တိုင်အောင်လည်း ဖြစ်တယ် (မှန်ပါ့) ဘာဖြစ်လို့တုံး၊ ရေသောက်မြစ်တွေ့ပြီ. . . (မှန်ပါ့)။

ဘာတွေ့ကြသတုံး. . . (ရေသောက်မြစ်တွေ့ပါပြီ ဘုရား) ရေသောက်မြစ်တွေ့တယ်ဆိုကတည်းက ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပူစရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဪ. . . ဒါဖြင့် နေရာကျပြီ. . . (မှန်ပါ့) နေရာကျ ပြီ ဒကာ ဒကာမတို့ ဝေဒနာရှုရလိမ့်မယ်. . . (မှန်ပါ့)။

## ဝေဒနာအလုပ်စခန်း

ကိုင်း. . . ဒါဖြင့် ဝေဒနာအလုပ်စခန်း ပြပါတော့မယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ မျက်စိထဲမှာ မြင်တယ်ဆိုလို့ရှိရင် ဥပေက္ခာဝေဒနာ. . . (မှန်ပါ့)။

မြင်ကာမျှမတ္တဟာဘာပါလိမ့် (ဥပေက္ခာဝေဒနာပါ) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

နားထဲကြားကာမျှ မတ္တကလေးဆိုရင် (ဥပေက္ခာဝေဒနာပါဘုရား) နှာခေါင်းထဲနံကာမျှမတ္တ. . . (ဥပေက္ခာဝေဒနာပါဘုရား)။

လျှာပေါ်စားကာမျှမတ္တ (ဥပေက္ခာဝေဒနာပါ) ဩော် ဒါဖြင့် အပြင်ဘက်မှာလေးခု. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

## ဥပေက္ခာဝေဒနာ

ကောင်းပြီ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာပေါ်တဲ့ ခံမှုဟူသရွေ့ ဘာဆိုကြမယ်. . . (ဥပေက္ခာဝေဒနာပါ) ဥပေက္ခာဝေဒနာလို့မှတ်ထား. . . (မှန်ပါ့) ရှင်းပါပြီနော် (ရှင်းပါပြီ)။

ဟော. . . ကိုယ်ပေါ်ကျလာတော့ ဒကာ ဒကာမတို့ ဟိုကယား၊ ဒီကနာတာတွေ ဒုက္ခချည့်မှတ်လိုက်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သုခနဲ့ဒုက္ခဝေဒနာ

ကိုယ်ပေါ်မှာလေကလေးတိုက်၊ ပန်ကာလေကလေး ဘာကလေးရဲ အင်းလေပြေလေညှင်းကလေးက ထိတဲ့အခါ ထိတဲ့နေရာမှာ သုခပေါ်တာပဲ. . . (မှန်ပါ့) ဒါဖြင့် ကိုယ်ပေါ်မှာ သုခနဲ့ဒုက္ခ. . . (မှန်လှပါဘုရား)။

ကိုယ်ပေါ်မှာ. . . (ဒုက္ခနဲ့သုခပါ) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

စမ်းထဲကျလာတော့ ဒကာ ဒကာမတို့ တစ်ခါတလေ ကျတော့ တွေးလုံးကြီးတွေနဲ့ ဝမ်းသာနေတာ ရှိသေးတယ် (မှန်ပါ့) သားကလေးကပြောလို့ဆိုလို့ နားထောင်လို့ ကိုယ့်ဟာကိုယ်များ နဖူးပေါ်လက်တင်ပြီး တော်-တော်သေးရဲ့ဆိုတာများ ပါသေးတယ်. . . (ပါ. . . ပါတယ်) ဒါ - ဘာဝေဒနာဆိုကြမလဲ. . . (သောမနဿဝေဒနာပါဘုရား)။

တစ်ခါတလေကျတော့ သူသွားပုံလာပုံက ခြေလှမ်း က မမှန်ပါဘူးဆိုပြီး သကာလ၊ ကိုယ့်ဟာကိုယ် တွေးလုံးနဲ့များ ဟုတ်မှဟုတ်ပါ့မလားဆိုပြီး ဒေါမနဿဝမ်းထဲဖြစ်တယ်. . . (မှန်ပါ့ဘုရား)။

ကဲလေ. . . ဖြစ်လာတဲ့ အကြောင်းတော့ အကောင်း ချည့်ထားရမှာပဲဆိုပြီး တစ်ခါတလေကျတော့ ဘာမှ မတွေးတော့ပါဘူးဆိုပြီး ဥပေက္ခာဖြစ်တယ်. . . (မှန်ပါ့) ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

## ဝေဒနာရှုမယ်ဆိုရင်

ဒါဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာမှာ ဘာပါလိမ့်. . . (ဥပေက္ခာပါဘုရား) ကိုယ်ပေါ်မှာတော့ဖြင့် (သုခဒုက္ခပါ) ဝမ်းထဲမှာကျတော့. . . (သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာပါဘုရား) အဲဒါပဲရှိတယ်. . . (မှန်ပါ့) များများမရှိပါဘူး ဒကာ ဒကာမတို့. . . (မှန်ပါ့ဘုရား)။

ဒီဝေဒနာတွေဟာလည်း အခု ၄-ရယ်၊ ၂-ရယ်၊ ၃-ရယ်၊ ဒကာ ဒကာမတို့ ယနေ့ရှင်းပြတယ်. . . (မှန်ပါ့) ၄-ရယ်၊ ၂-ရယ်၊ ၃-ရယ်. . . (မှန်ပါ့) ဥပေက္ခာ ၄. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) အလယ်မှာ သုခ ဒုက္ခ ၂. . . (မှန်ပါ့) ဝမ်းထဲမှာတော့ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ၃. . . (မှန်ပါ့) ဒါပဲရှိတယ် (မှန်ပါ့)။

ဝမ်းထဲပေါ်နိုင်တာ ၃၊ ကိုယ်ပေါ်ပေါ်နိုင်တာ ၂၊ (မှန်ပါ့) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာပေါ်မှာတစ်ခုစီပေါ်တယ် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကလေးတွေဟာ ဒကာ ဒကာမတို့ သန္တာန်၌ အကြောင်းတိုက်ဆိုင်တိုင်း ဖြတ်ခနဲ၊ ဖြတ်ခနဲပေါ်တယ်၊ (မှန်ပါ့) ပေါ်တိုင်းပေါ်တိုင်း ဒီဥစ္စာကလေးတွေကို ဒကာ ဒကာမတွေက ဝိပဿနာရှုပေးပါ. . . (မှန်ပါ့)။

## အရှုက၊ ဝမ်းထဲကရှုရမယ်

ဒါ ဝိပဿနာရှုတဲ့မဂ်ပေါ့ဗျာ၊ (မှန်ပါ့) ဝမ်းထဲပေါ်တဲ့ တရားလည်း ဝမ်းထဲကရှု၊ (မှန်ပါ့) ကိုယ်ပေါ်မှာပေါ်တဲ့ တရားလည်း (ဝမ်းထဲကရှုရပါမယ်) မျက်လုံးထဲပေါ်တဲ့တရားလည်း (ဝမ်းထဲကရှုရပါမယ်) အရှုကတော့ ဝမ်းထဲကနေရှုရမယ်. . . (မှန်ပါ့ဘုရား)

ဖြစ်တာကတော့ဖြင့် ဝမ်းထဲချင်းလည်း. . . အရင်ဖြစ်တာကို နောက်ဝမ်းထဲကရှု (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်လို့ရှိရင်လည်း ဒကာ ဒကာမတို့ အားလုံးတွေ့တာ ဝေဒနာမဟုတ်တော့ဘူး. . . (မှန်ပါ့) ဝေဒနာမဟုတ်တော့ဘူး ဒကာသစ်ရေ. . . (မှန်ပါ့) ဘာဖြစ်သွားသတုံးဆိုတော့ ဖြစ်မှုပျက်မှုပဲတွေ့တယ်. . . (မှန်ပါ့ဘုရား)။

အင်း-ဝေဒနာရယ်လို့ ဆရာဘုန်းကြီးကလည်း အရှုခိုင်း၊ ဘုရားကလည်းအရှုခိုင်း၊ မိမိတွေ့ရတာကတော့ ဘာတွေချည့်တွေ့နေသတုံး. . . (ဖြစ်ပျက်မှုတွေချည်းတွေ့နေပါတယ်) ဖြစ်မှုနဲ့ပျက်မှုပဲတွေ့တယ် (မှန်ပါ့ဘုရား)။

## ဖြစ်မှုပျက်မှုရှိလို့ ဖြစ်မှုပျက်မှုသိတယ်

ဖြစ်မှုနဲ့ပျက်မှုပဲ တွေ့တယ်လို့ဆိုတာ ခင်ဗျားတို့ဉာဏ်ထဲမှာရောက်လို့ရှိရင်ဖြင့် ဖြစ်မှုပျက်မှုရှိလို့ ဖြစ်မှုပျက်မှုသိပါတယ် (မှန်ပါ့ဘုရား)။

ဖြစ်မှုပျက်မှုရှိလို့. . . (ဖြစ်မှုပျက်မှုသိပါတယ်) သဘောပါပလား. . . (ပါ ပါပြီဘုရား)။

ဒါဖြင့် ဒီဓမ္မအရှိနဲ့ ဓမ္မအသိနဲ့သွားကိုက်တယ်. . . (မှန်ပါ့ဘုရား)။

## ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပြီ

ဒီဓမ္မအရှိနဲ့ ဒီဓမ္မအသိနဲ့. . . (သွားကိုက်ပါတယ်) ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပြီတဲ့. . . (မှန်ပါ့ဘုရား)။

သူက ဓမ္မအားလျော်စွာဖြစ်နေတယ်. . . (မှန်ပါ့) ဒီက ဓမ္မအားလျော်စွာကျင့်တယ်-(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒီက ဓမ္မအားလျော်စွာ. . . (ဖြစ်ပါတယ်) ဒီက ဓမ္မအားလျော်စွာ. . . (ကျင့်ပါတယ်) ကျင့်တယ်၊ သိတယ် အတူတူပဲ. . . (မှန်ပါ့ဘုရား)။

ဪ. . . ဒီလိုနေသွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ပါရမီစုံပြီးသား ပုဂ္ဂိုလ်မှာ (ဒါကလေးတစ်ခုသာဖြည့်တော့လို့ ဘုရားကဟောထားတယ်. . . (မှန်ပါ့ဘုရား)။

ပါရမီစုံပြီးသားပုဂ္ဂိုလ်မှာ (ဒါကလေးတစ်ခုဖြည့်တော့လို့ ဟောထားပါတယ်) ဒါကလေးတစ်ခုဖြည့်တော့ (မှန်ပါ့) ရိပ်မိကြပလား. . . (ရိပ်မိပါပြီ ဘုရား)။

ပါရမီတွေ ဒကာဒကာမတို့ မစုံသေးဘူးလား စုံပြီလား (စုံပါပြီ) အင်း. . . ဘာကလေးတစ်ခု ဖြည့်စရာကျန်ပါလိမ့် (ဓမ္မာနုဓမ္မပဋိပတ္တိဖြည့်စရာကျန်ပါတယ်ဘုရား)။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာက ဒီဓမ္မအရှိန်နဲ့ရှုတဲ့ ဓမ္မအသိနဲ့ ဦးမာဒင် ဘာလုပ်ရမတုံး. . . (ကိုက်ရပါမယ်ဘုရား)။

ဒါဖြင့် ဒီဓမ္မနဲ့ ဒီဓမ္မအရှိန်နဲ့ အသိကိုက်တယ် ဆိုလို့ရှိရင်ဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ၊ ဒီဓမ္မကိုသူကျင့်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## အရှိန်နဲ့အသိကိုက်ဖို့ဟောတာ

အဲဒီတော့ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဒကာ ဒကာမတို့ ဗုဒ္ဓပူဇော်မိလုပ်ဖို့မဟုတ်ဘူး. . . (မှန်ပါ့) အရှိန်နဲ့အသိကိုက်ဖို့ ဘုရားကဟောတာ. . . (မှန်ပါ့ဘုရား)။

တချို့က ဣမာယ ဓမ္မနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓ ပူဇေမိ လုပ်တယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) သဒ္ဓါနဲ့ တပည့်တော် လောကုတ္တရာတရားအားလျော်သော တရားနဲ့ ရှိခိုးပါ၏တဲ့. . . (မှန်ပါ့) မဆိုင်ပါဘူးတဲ့ ဒီဥစ္စာ ဒကာ ဒကာမတို့နော်. . . (မှန်ပါ့ဘုရား)။

ကြည့်လေ ပဋိပတ္တိမပါဘူးလား. . . (ပါပါတယ်) ပဋိပတ္တိဆိုတာ ဘာမါလိမ့်အကျင့် (မှန်ပါ့ဘုရား)။

ပဋိပတ္တိဆိုတာ. . . (အကျင့်ပါ) ဒါဖြင့် ဓမ္မာနု ဘာတုံး (ဓမ္မပဋိပတ္တိပါ) ဒါဖြင့် မဂ်ကိုဆိုက်တာ. . . (မှန်ပါ့) ဝိပဿနာ မဂ်ကိုဆိုက်တာ ဒကာကြွယ်ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သူတို့ကတော့ဖြင့် ဓမ္မသဘော အတိုင်းဖြစ်မှာပဲ၊ ဖြစ်ပြီးပျက်ကြမှာပဲ. . . (မှန်ပါ့) အနိစ္စာဝတ သင်္ခါရာကိုး. . . (မှန်ပါ့) သဗ္ဗေသင်္ခါရာအနိစ္စာ. . . (မှန်ပါ့) သဗ္ဗေသင်္ခါရာဒုက္ခာ. . . (မှန်ပါ့) သဗ္ဗေဓမ္မာအနတ္တာ (မှန်ပါ့) သူတို့က ဒီသဘောစွန့်ပါ့မလား. . . (မစွန့်ပါဘုရား)။

အဲဒီ သူတို့မစွန့်တဲ့သဘောကို ဒကာ ဒကာမတို့ ဗြော်. . . သူတို့မစွန့်တဲ့သဘောကို ကိုယ်ကသိ သိပေးရမယ် (မှန်ပါ့ဘုရား)။

သူတို့မစွန့်တဲ့သဘောကို. . . (ကိုယ်က သိသိပေးရ ပါမယ်ဘုရား)။

## ခန္ဓာ၏ဖြစ်မှုပျက်မှုသိတယ်

သိ သိပေးတော့ မစွန့်တာကိုသိတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) သူတို့၏ ဖြစ်ပျက်မှုကို. . . (သိပါတယ်) သူတို့သဘောကို. . . (သိပါတယ်) သူတို့သဘော ကို သိတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် သူတို့သဘောဆိုတဲ့ဥစ္စာက ဘာမှ တွေးတော မနေပဲနဲ့ ဒါဝေဒနာက္ခန္ဓာ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ခင်ဗျားတို့၏ ဝေဒနာက္ခန္ဓာ သဘော ခင်ဗျားတို့သိတယ်. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

သူတို့သဘောကို ချုံးလိုက်တဲ့အခါကျတော့ ဘာခန္ဓာ သွားဖြစ်သတုံး. . . (ဝေဒနာက္ခန္ဓာ သွားဖြစ်ပါတယ်ဘုရား)။

## ကိုယ့်ခန္ဓာသဘော၊ ကိုယ်သိတယ်

အဲ. . . ဝေဒနာက္ခန္ဓာဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၏ ခန္ဓာသဘောပြန်ရတယ်. . . (မှန်ပါ့) ဒါဖြင့် ကိုယ့်ခန္ဓာသဘောကိုယ်သိတယ် (မှန်ပါ့) ပေါ်ပြီ (ပေါ်ပါပြီ ဘုရား)။

ဘယ်သူ့သဘောသိပါလိမ့်. . . (ကိုယ့်ခန္ဓာသဘောကို ကိုယ်သိပါတယ်ဘုရား)။

ကိုယ့်ခန္ဓာသဘော ကိုယ်သိတယ်ဆိုတော့ နဂိုကတော့ ကိုယ့်ခန္ဓာသဘော ကိုယ်မှမသိဘဲ. . . (မှန်ပါ့) ကိုယ့်ခန္ဓာ သဘောသာကိုယ်သိကြမယ်ဆိုလို့ရှိရင် ခင်ဗျားတို့ ဘယ်တော့မှ အစားမှားတဲ့ဝေဒနာ မဖြစ်ဘူး. . . (မှန်ပါ့) အခုတော့ အစားမှားတယ်ဆိုတော့ ခန္ဓာက ဖောက်ပြန်ပြီ. . . (မှန်ပါ့)

သူဖောက်ပြန်မည့်သဘော စေစေက သိထားမယ်ဆို ဒီ အစား စားကိုမစားဘူး. . . (မစားပါဘုရား)။

ဒီလမ်းသွားလို့ရှိရင်ဖြင့် ငှက်သင့်မယ်ဆိုလို့ရှိရင်ဖြင့် ကိုယ့်ခန္ဓာသဘောကိုယ်သိထားကြလို့ရှိရင် ဒီငှက်သင့်တဲ့ဆီ မသွားဘူး (မသွားပါဘုရား)။

အခုတော့ ကိုယ့်ခန္ဓာသဘောကို ကိုယ်ဘာမှ မသိတဲ့ အတွက် အစားမှား၊ အသွားမှား၊ အနေမှား၊ အထိုင်မှား မရှိ ဘူးလား. . . (ရှိပါတယ်) အဲဒါ နဂိုက ကိုယ့်သဘောကိုယ်သိရဲ့ လား. . . (မသိပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

နဂိုက. . . (မသိပါ) အခုတော့ဖြင့် ဒကာ ဒကာမတို့ ကိုယ့်ခန္ဓာသဘော ဒီဘက်က. . . (မှန်ပ့ါ) ဒါက ကိုယ်သိတာ (မှန်ပ့ါဘုရား)။

ဒါကဘာပါလိမ့်. . . (ကိုယ်ခန္ဓာသဘောပါ) ဒီဘက် က ဘာပါလိမ့်. . . (ကိုယ်သိတာပါဘုရား)။

ဩော်. . . အခုမှပဲ တရားထူးရကြပေတော့တယ် ဒကာ ဒကာမတို့ ဝမ်းသာလိုက်တာ (မှန်ပ့ါဘုရား)။

## ကိုယ့်ခန္ဓာသဘောသိတော့ အနိစ္စချည်းပဲ

ကိုယ့်ခန္ဓာသဘောကို ကိုယ်သိတယ် ဆိုကတည်းကို က ဒကာ ဒကာမတို့ ဒီခန္ဓာမသိလို့လူဖြစ်ချင်၊ နတ်ဖြစ်ချင်

ဖြစ်နေတာ (မှန်ပါ့) ဖြဟ္မာဖြစ်ချင်ဆိုတဲ့ ပပဥ္စတွေ လာနေတယ် (လာနေပါတယ်ဘုရား)။

ကိုယ့်ခန္ဓာသဘော ကိုယ်မသိလို့ ပပဥ္စလာတာ. . . (မှန်ပါ့) အခုတော့ ကိုယ့်ခန္ဓာသဘော ကိုယ်သိတော့ အနိစ္စ ချည့်ပဲဆိုတာ သိတယ်. . . (မှန်ပါ့) ဒုက္ခသစ္စာချည့်ပဲလို့ ကော. . . (သိပါတယ်ဘုရား)။

## အနိစ္စလို့သိတော့ တဏှာပပဥ္စမလာတော့ဘူး

အဲဒီတော့ ခုနင်က တဏှာပပဥ္စကော လာပါဦးမလား (မလာပါ) မာနပပဥ္စကော. . . (မလာပါ) ဒီခန္ဓာကြီး ကြည့်ပြီး မာနတက်ဦးမလား. . . (မတက်ပါဘုရား)။

ဒီခန္ဓာကြီးကိုလည်း ခန္ဓာသဘောသိတဲ့အတွက် ဒိဋ္ဌိဆို တဲ့ ပပဥ္စကော. . . (မလာပါဘုရား)။

ဒါကြောင့် ဘုရားဟောတာ. . . (မှန်ပါ့) သိကြားပပဥ္စ ဟာ ဝေဒနာကလာတာကွတဲ့. . . (မှန်ပါ့) မပေါ်သေးဘူး လား (ပေါ်ပါပြီဘုရား)။

## သံသရာပြတ်ချင်ရင် ဝေဒနာကပြတ်

သိကြားက ပပဥ္စဘယ်ကလာသတုံးလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး (ဝေဒနာကလာတယ်လို့ ဖြေ

ပါတယ်) ကိုင်း. . . ဒကာ ဒကာမတို့ သံသရာဖြတ်ချင်ရင် ဝေဒနာကဖြတ်ဆိုပြီး သိကြားဟောတာ. . . (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သံသရာဖြတ်ချင်ရင်. . . (ဝေဒနာကဖြတ်ရပါမယ်) **ရှင်း**ပလား. . . (ရှင်းပါပြီဘုရား)။

**ကဲ. . . ယနေ့ဓမ္မဒေသနာတော်ကြွဦး။**

**သာဓု . . . သာဓု . . . သာဓု . . . ။**